# ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းလွှာ

## နိုင်ငံရေးအကျဉ်းသားများ သတင်း
## ဧပြီလ ၂၀၀၅


ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးတို့ အမှုအခြေအနေ မိသားစုတွေ စုံစမ်းမရ ၅၊ ဧပြီ၊ ၂၀၀၅
မန္တလေးထောင်က နိုင်ငံရေးအကျဉ်းသားတွေ တိုက်ပိတ်ခံရ ၅၊ ဧပြီ၊ ၂၀၀၅
လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို အမှုဆင်စစ်ဆေး ၆၊ ဧပြီ၊ ၂၀၀၅
လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို ဆက်လက်ချုပ်နှောင်ထား ၆၊ ဧပြီ၊ ၂၀၀၅
အင်းစိန်ထောင်က ကိုဇော်လင်းထွန်း ကျန်းမာရေးစိုးရိမ်ရ ၇၊ ဧပြီ၊ ၂၀၀၅
တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင် ထောင် ၁၄ နှစ်ချခံ ၈၊ ဧပြီ၊ ၂၀၀၅
ရွှေခမောက် ကိုရွှေမောင် တိုက်ပိတ်ခံထားရ ၁၂၊ဧပြီ၊ ၂၀၀၅
ဘူးသီးတောင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို အင်းစိန်မှာ စစ်ဆေးနေ ၁၂၊ ဧပြီ၊ ၂၀၀၅
အင်းတော်အမတ် ဦးစောလှိုင်ကို ရုံးထုတ် ၁၃၊ ဧပြီ၊ ၂၀၀၅
ဦးကျော်ဆန်းအမှု ရုံးချိန်းရက် ထပ်မံရွှေ့ဆိုင်း ၁၈၊ ဧပြီ၊ ၂၀၀၅
ဦးကျော်ခင်ကို တခြားဝေးလံတဲ့ထောင်တွေဆီ ပြောင်းရွှေ့မှာ မိသားစု စိုးရိမ် ၁၈၊ ဧပြီ၊ ၂၀၀၅
ဒေါ်မေဝင်းမြင့် ကျန်းမာရေးမှာဆိုးရွားနေပြီး ဆေးရုံထုတ်ပြုရသောအခြေအနေတွင်ရှိနေ ဧပြီလ ၁၈၊ ၂၀၀၅
၂၀၀၃ ခုနှစ်က နှစ်ရှည်ထောင်ချခံနေရတဲ့ သီလရှင် ၂ ပါးရဲ့ အမှု နောက်ဆုံးအယူခံဝင်မည် ၁၉၊ ဧပြီ၊ ၂၀၀၅
အင်းစိန်ထောင်က ဦးအောင်စိုးမြင့် ထောင်ဆေးရုံမှာ သမားတော်ပြောင်းပြီး ကုသရ ၂၁၊ ဧပြီ၊ ၂၀၀၅
အင်းစိန်မြို့နယ် တရားရုံးမှာ ဦးကျော်ဆန်းကို ဒီနေ့ အမှုဆက်စစ် ၂၂၊ ဧပြီ၊ ၂၀၀၅
အဖေဖြစ်သူကို အမှုဆင်ဖမ်းခြင်းသာဖြစ် – ဦးစောလှိုင် သမီး မေဖြူလှိုင် ဝေဖန် ၂၂၊ ဧပြီလ၊ ၂၀၀၅
မြင်းခြံထောင်က နိုင်ငံရေးအကျဉ်းသား ကိုရဲကျော်စွာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ ၂၃၊ ဧပြီ၊ ၂၀၀၅
ဗိုလ်ချုပ်အောင်ဆန်းကျောက်တိုင်ကို အလေးပြုမှုနှင့် ဖမ်းဆီးခံရသူ ဦးအောင်ဖေရဲ့ အမှုစစ်ဆေး ၂၃၊ ဧပြီ၊ ၂၀၀၅
မတရားဖမ်းဆီးခံထားရတဲ့ ဦးစောလှိုင် ဇနီးသည် ဒေါ်ညွှန့်ညွှန့်တင် နဲ့ ဆက်သွယ်မေးမြန်းချက် ၂၅၊ ဧပြီ၊ ၂၀၀၅
မန္တလေးထောင်မှ နှစ်ရှည်အကျဉ်းသား ကိုတင်အေးကြူ ခေါ် ကဗျာဆရာ မောင်မိုးလွင် ပြန်လွတ် ဧပြီလ ၂၆၊ ၂၀၀၅
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် ဦးကျော်မင်း အမှုနောက်ဆက်တွဲ ဧပြီလ ၂၇ ရက်၊ ၂၀၀၅
နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦး စစ်ခွေးတိုက်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိ ဧပြီလ ၂၇ ရက်၊ ၂၀၀၅
မန္တလေးထောင်တွင်း တိုက်ပိတ်ခံ နိုင်ငံရေးအကျဉ်းသား ငါးဦး မိသားစုနှင့် တွေ့ခွင့်ရ ဧပြီလ ၂၇ ရက်၊ ၂၀၀၅
ရွှေခမောက်သွန်းလုပ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုရွှေမောင် ထောင်ဝင်စာ ပိတ်ထားခံရဆဲ ဧပြီလ ၂၇ ရက်၊ ၂၀၀၅
ကိုကိုးကျွန်းပြန် ဦးတင်အောင်နှင့် ရစ်လေးလုံး ကျောင်းသားခေါင်းဆောင် ကိုတင်အေးတို့ ပြန်လွတ်လာ ဧပြီလ ၂၈၊ ၂၀၀၅
ဦးတင်အောင်နှင့် ကိုတင်အေးတို့ပြန်လွတ်မှုအပေါ် နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ ကြည်နူးမှုများ ဧပြီလ ၂၈ ရက်၊ ၂၀၀၅
ဒေါက်တာသိန်းလွင်၏သား ကိုစည်သူအား လိုင်စင်မဲ့ ဆိုင်ကယ်စီးမှုနဲ့ မတရားထောင်ချ ဧပြီလ ၂၈ ရက်၊ ၂၀၀၅
ဦးခွန်ထွန်းဦးတို့အမှုအား ၃ ရက်ဆက်တိုက်စစ်ဆေး၊ မိသားစုနှင့် တွေ့ခွင့်မပေး ဧပြီလ ၂၉ ရက်၊ ၂၀၀၅
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုမျိုးခင်အား ထောင်ဝင်စာပိတ်ထားဆဲ ဧပြီလ ၂၉ ရက်နေ့၊ ၂၀၀၅
နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ဦးအောင်ခင် နှင့် ကိုကိုနိုင် ထပ်မံလွတ်မြောက် ဧပြီလ ၂၉ ရက်၊ ၂၀၀၅

## ရှမ်းအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးတို့ အမှုအခြေအနေ မိသားစုတွေ စုံစမ်းမရ

*၅၊ ဧပြီ၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးတို့ကို ဒီကနေ့ ရုံးထုတ်အမှုစစ်တယ်လို့ ယူဆရပေမဲ့ မိသားစုကို ထောင်ဝင်စာ တွေ့ခွင့်မပေးသည့် အတွက် အမှုအခြေအနေကို လုံးဝ စုံစမ်းမရ ဖြစ်နေသည်ဟု သိရပါသည်။ ဆေးဝါးနှင့် ပစ္စည်းသာ ပေးခွင့်ရပြီး ယခုအချိန်ထိ လူချင်းတွေ့ခွင့်မပေး သေးဟုလည်း မိသားစုနှင့် နီးစပ်သူ တဦးက ဒီဗွီဘီကို ပြောပါသည်။

ပိုဆိုးသည်မှာ အာဏာပိုင်များ ငှားပေးထားသည့် ရှေ့နေ ဦးအောင်ခိုင် နှင့် ဦးအောင်မြင့်တို့က ဦးခွန်ထွန်းဦး မိသားစုကို အတွေ့မခံ သည့် ကိစ္စ ဖြစ်သည်ဟုလည်း သူက ဆိုပါသည်။ ဦးခွန်ထွန်းဦး၏ အမှုအခြေအနေနှင့် ပတ်သက်ပြီး မိသားစုက သွားရောက်စုံစမ်းရာတွင် တာဝန် ရှိသူများနှင့်သာ သင့်တော်သလို စီစဉ်ရန်ဖြစ်သည့်အတွက် တွေ့စရာမလိုဟု ၎င်းရှေ့နေ ၂ ဦးက ပြန်ပြောခဲ့သည်ဟု သိရပါသည်။ ထိုအတွက် ဦးခွန်ထွန်ဦး နှင့် ဦးစိုင်းညွန့်လွင် တို့၏ မိသားစုဝင်တို့ မကျေမနပ်ဖြစ်နေသည်ဟု အမည်မဖော်လိုသည့် မိသားစုနှင့် နီးစပ်သူတဦးက ပြောပါသည်။

ဦးခွန်ထွန်းဦးတို့ကို လွတ်လပ်စွာရှေ့နေငှားခွင့်ပေးရန်နှင့် လူထုရှေ့မှောက်တွင် တရားစီရင်ရန် မိသားစုက သက်ဆိုင်ရာ အာဏာပိုင်များ ထံ စာရေးတင်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ထိုစာကို ယခုချိန်ထိ အကြောင်းတစုံတရာ မပြန်သေးသလို လူချင်းလည်း တွေ့ခွင့်မပေးသည့် အတွက် အမှုသွား အမှုလာ အခြေအနေသာမက ရုံးထုတ် မထုတ် ဆိုသည်ကိုပင် သိဖို့ခက်ခဲသည်ဟုလည်း မိသားစု၏ ပါဝါလွှဲအပ်ခံထားရသူ ရှေ့နေ ဦးအောင်သိန်းက ပြောပါသည်။

ဦးခွန်ထွန်းဦးနှင့်အတူ ဖမ်းဆီးခံထားရသူများမှာ စိုင်းညွန့်လွင်၊ စပ်သာဥ၊ စိုင်းလှအောင်၊ ဦးဘသင်၊ ဦးထွန်းညို၊ ဦးညီမိုး၊ ဦးမြင့်သန်း၊ ကိုမျိုးဝင်းထွန်းနှင့် ဗိုလ်ချုပ်ဆေထင်တို့ ဖြစ်ပြီး ၎င်းတို့ကို နိုင်ငံတော်ပုန်ကန်မှုဖြင့် အာဏာပိုင်တို့က စွဲချက်တင်ထားခြင်းဖြစ်ပါသည်။

အစသို့

## မန္တလေးထောင်က နိုင်ငံရေးအကျဉ်းသားတွေ တိုက်ပိတ်ခံရ

*၅၊ ဧပြီ၊ ၂၀၀၅*

မန္တလေးထောင်မှာ မတရားအကျဉ်းချခံထားရသည့် နိုင်ငံရေးအကျဉ်းသား ကိုမျိုးမင်းဇော်၊ ကိုမောင်မောင်မြတ် နှင့် ကိုကျော်ညွန့်တို့ သုံးဦးကို ထောင်အာဏာပိုင်များက တိုက်ပိတ်ပြစ်ဒဏ်ပေးထားကြောင်း သိရပါသည်။

အကျဉ်းထောင်ထဲမှာ ကျွေးသည့် ပဲဟင်းက သိုးနေသည့်အတွက် ထောင်ပိုင် ဦးဟန်စိန်ထံကို တင်ပြခဲ့သည့် အတွက်ကြောင့် ယခုလို ပြစ် ဒဏ်များ ချမှတ်ခြင်းလည်း ဖြစ်ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ထောင်ဝင်စာတွေ့ခွင့်မရခဲ့သည့် မိသားစုဝင်တဦးက ယခုလို ပြောပြပါသည်။

“၃၀ ရက်နေ့ ထောင်ဝင်စာသွားတာပေါ့နော်၊ သူတို့ ထောင်ဝင်စာတင်လိုက်တဲ့ စာရွက်မှာပေါ့၊ ကိုမင်းဇော်ရယ်၊ မောင်မောင်မြတ်ရယ်၊ ကျော်ညွန့်ရယ် ထောင်ဝင်စာပိတ်ထားတယ်တဲ့၊ ဘာအကြောင်းအရာရယ်လို့တော့၊ သူတို့မပြောဘူးလေ ကျမတို့ကို၊ ထောင်အရာရှိတွေက ဘယ် သူမှ လာမတွေ့ကြဘူးပေါ့နော်၊ အဲဒီလိုဘဲ ထောင်ဝင်စာ တင်လိုက်တဲ့ စာရွက်ကလေးမှာ ရေးပေးလိုက်တယ်၊ သူတို့ ဘယ်အထိပိတ်၊ ဘယ်လောက်အထိ ပိတ်ထားတယ်လို့ ဘာမှ မပြောလိုက်ဘူးပေါ့၊ အဲ ၈ ရက်နေ့ကစပြီးဖြစ်တော့ နောက်မှ ကျမတို့ သိရတာပေါ့နော်၊ ၈ ရက်နေ့ က ဖြစ်ပြီး သူတို့ကို တိုက်ဘက်ကို ရွှေ့သွားတယ်ပေါ့၊ မျိုးမင်းဇော်ရယ်၊ မောင်မောင်မြတ်ရယ်၊ ကျော်ညွန့်ရယ် သုံးယောက်ပေါ့နော်၊ စိတ်တော့ စိတ်မကောင်းဖြစ်မိတာပေါ့၊ ကျမတို့ကတော့ ထောင်ဝင်စာထက် သူတို့ကို အထဲမှာ ရိုက်နှက်ပြီးတော့ ထားမှာကိုဘဲ ကျမတို့က စိုးရိမ်တယ်ပေါ့ လေ။”

တဆက်ထဲမှာဘဲ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း အေအေပီပီရဲ့ အတွင်းရေးမှူး ကိုတိတ်နိုင်ကလဲ သူ့ရဲ့ သဘော ထားကို ယခုလို ပြောပြပါသည်။

“သူတို့က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆိုတဲ့ ကိစ္စကို လုပ်မယ်ဆိုလို့ရှိရင် ဒီနိုင်ငံရေးအကျဉ်းသားတွေ အားလုံးကို လွှတ်ပေးရမှာ ဖြစ်တယ်။ အခုက မလွှတ်ပေးတဲ့အပြင် အကျဉ်းထောင်ထဲမှာ ထပ်ပြီးတော့ ညှင်းပန်းနှိပ်စက်မှုတွေ လုပ်နေမယ်ဆိုလို့ရှိရင်ကတော့ ဒါဟာ သူတို့ရဲ့ စေတနာကို ထင်ထင်ရှားရှားသိစေပါတယ်။

ကိုမျိုးမင်းဇော်၊ ကိုမောင်မောင်မြတ်နှင့် ကိုကျော်ညွန့်တို့သာမက ကိုဘိုဘိုနှင့် ကိုရဲထွန်းကျော်တို့ ၂ ဦးကိုလည်း ထောင်စည်းကမ်း မလိုက်နာလို့ဆိုပြီး ရက်အကန့်အသတ်မရှိ ထောင်ဝင်စာပိတ်ထားကြောင်း နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့က ကြေညာ ချက် ထုတ်ပြန်ထားပါသည်။

အစသို့

## လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို အမှုဆင်စစ်ဆေး

*၆၊ ဧပြီ၊ ၂၀၀၅*

ဖေဖော်ဝါရီလ ၂၅ ရက်နေ့က ဖမ်းဆီးခံရသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို နိုင်ငံရေးပုဒ်မ ၅ ည၊ ပုံနှိပ်ဥပဒေ ပုဒ်မ ၁၇ တို့နှင့် စွဲချက်တင် စစ်ဆေးနေပြီး လာမည့် သောကြာနေ့တွင် အဆုံးသတ်စီရင်ချက်ချမည်ဟု သိရပါသည်။

ဦးကျော်ခင်ကို တောင်ကြီးမြို့နှင့် ၁၀ မိုင်လောက် ဝေးသည့် တောင်လေးလုံးအကျဉ်းစခန်းတွင် ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်ပြီး တောင်ကြီး မြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ရှေ့နေ ခေါ်ခင်မိုးမိုး က လိုက်ပါဆောင်ရွက်ပေးနေသည်ဟု သိရပါသည်။ မနေ့က ၃ ကြိမ်မြောက် စစ်ဆေးခဲ့ပြီး လာမည့်သောကြာနေ့တွင် စီရင်ချက်ချရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။ ဦးကျော်ခင် ကို စွဲချက်တင်စစ်ဆေးနေသည့် အမှုများနှင့် ပတ်သက်ပြီး အဖွဲ့ ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ယခုလို ရှင်းပြပါသည်။

"အခုစပြီးတော့ အမှုစစ်တယ်လေ။ စစ်တော့ စွဲချက်က နှစ်ခုပေ့ါ။ တခုက Printing Act သူက ဘာလုပ်သလဲဆိုတော့၊ သူက အဲဒီ ကျောင်းမှာ စကားစမြီ ပြောရင်းနဲ့ မိန်းကလေးတယောက်ကို အန်ကယ်တို့ ဌာနချုပ်ရုံးမှာ ရောင်းတဲ့၊ ဒေါ်အောင်ဆန်းစုကြည် ရခဲ့တဲ့၊ ဘွဲ့ထူး ဂုဏ်ထူးတွေပေ့ါလေ၊ အဲဒီစာရင်းစာရွက်လေး သူဝယ်သွားတယ်၊ ဝယ်သွားပြီး အဲဒါကို အဲဒါကို မိန်းကလေးတယောက်ကို သူက ပေးခဲ့တာပေ့ါလေ၊ အန်အယ်ဒီအနေနဲ့ ပေးတာမဟုတ်ဘူး။ သင်တန်းမှာတွေ့ရင်းနဲ့၊ ဒေါ်အောင်ဆန်းစုကြည် အကြောင်း၊ သိချင်ရင် ဒါဖတ်ကြည့်ပေ့ါဆိုပြီး ပေးလိုက် တယ်။ ဟောအခု အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို Print Act ဥပဒေနဲ့ အရေးယူတယ်။ နောက်စွဲချက်ကတော့ သူက စည်းဝေး၊ သူတို့ အများထိုင်နေတဲ့ အခန်းတခန်းထဲမှာ အားလုံး နောက် ထပြန်တာပေ့ါ။ ပြန်တော့ သူ့ ထိုင်ခုံနားက စာရွက်တရွက် ရတယ်။ အဲဒီစာရွက်က ဘီဘီစီ က အသံလွှင့်တာလေး တခုရှိတယ်လေ၊ ရှေ့လာမဲ့နှစ်မှာ ဘယ်သူတွေ ဘာဖြစ်မယ်၊ ညာဖြစ်မယ် ဆိုတဲ့ဟာပေ့ါ၊ အဲဒီ ဟောစာတမ်းကို သူထိုင်ခဲ့တဲ့ ခုံအနားက ရတယ်ဆိုပြီးတော့ အဲ အဲဒါနဲ့ စွဲတယ်၊ အဲဒါကလဲ ဒီစာရွက် သူ ချတာကို တွေ့တာမဟုတ်ဘူး၊ သူ ဒီထိုင်ခုံကနေ ထသွားတာကို တွေ့ တယ်၊ အဲ အဲဒါလဲဘဲ ဒီစာရွက်ကို သူ ဖြန့်ဝေတယ်ဆိုတဲ့ဟာတော့ ဘယ်သူ့မှမမြင်ပါဘူး၊ ဒါပေမဲ့ သူထိုင်ခဲ့တဲ့ ခုံအနားက ရတယ်ဆိုပြီးတော့ ပြောတဲ့အပိုင်းက ရှိလို၊ အဲဒါနဲ့ စွဲချက်က အဲ သူရင်ဆိုင်ရတာပါ"

ဦးကျော်ခင်မှာ တောင်ကြီးတက္ကသိုလ်တွင် ဇန်နဝါရီလမှစပြီး ၃ လကြာပြုလုပ်သည့် ဥပဒေသင်တန်းတခုကို တက်ရောက်နေစဉ် သင်တန်းသူတဦးကို ဒေါ်အောင်ဆန်းစုကြည် ရရှိထားသည့် ဆုများအကြောင်း စာရင်းပြုစုထားသည့် စာရွက် ပေးခဲ့ခြင်းဖြစ်ပါသည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် နယ်မြေခံအာဏာပိုင်များ၏ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပါသည်။

ဦးကျော်ခင်မှာ ၁၉၉၆ ခုနှစ်တွင်လည်း အဖွဲ့ချုပ်နှင့် တွေ့ဆုံဆွေးနွေးရန် အာဏာပိုင်များထံ တိုက်တွန်းတောင်းဆိုမှုကြောင့် ဖမ်းဆီးခံရပြီး ထောင် ၁၀ နှစ်ချမှတ်ခံခဲ့ရပါသည်။ ပြီးခဲ့သည့် ဇန်နဝါရီလ ၃ ရက်နေ့ကမှ သရက်ထောင်မှ ပြန်လွှတ်လာပြီး တလ ကျော် အကြာမှာ ပြန်လည်အ ဖမ်းခံခဲ့ရခြင်းဖြစ်ပါသည်။

အစသို့

## လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို ဆက်လက်ချုပ်နှောင်ထား

*၆၊ ဧပြီ၊ ၂၀၀၅*

မတ်လ ၂၇ ရက်နေ့တွင် ဖမ်းဆီးသွားသည့် တနင့်ဆယ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းကို စွဲချက်တင်စစ်ဆေးခြင်း မရှိ ဘဲ အင်းစိန်ထောင်တွင် ယမန်ကြီးနှင့် ဆက်လက်ချုပ်နှောင်ထားသည်ဟု သိရပါသည်။

၁၅သက် ၇၃ နှစ်ရှိပြီဖြစ်သည့် ဦးကျော်ဆန်းကို ဖမ်းသွားသည်မှာ တလနီးပါးကြာသည့်အထိ မိသားစုနှင့် လုံးဝတွေ့ခွင့် မပေးသလို နေ့စဉ်သုံး ဆေးဝါးအပါအဝင် အစားအသောက်လည်း ပေးခွင့်မရခြင်းကြောင့် ၎င်း၏ ကျန်းမာရေးအတွက် စိုးရိမ်နေရကြောင်း သားဖြစ်သူ ကိုကျော်သူနိုင်က ယခုလိုပြောပါသည်။

"စိတ်တော့ စိတ်ပူတာပေ့ါ ကျနော့် အဖေဆိုတာလည်း ဘယ်မှာရောက်နေတယ်ဆိုတာ၊ သူတို့ ရောက်နေလိုသာဆိုတာ၊ ကျနော်တို့နဲ့ လည်း တွေ့ရတာ မရှိဘူးလေ။ ကျန်းမာရေးအတွက် စားဘို့ သောက်ဘို့ကအစ ဘာမှပါမသွားဘူးလေ၊ ပါမသွားတော့

ကျနော်တို့ ပါဆယ်တွေ ဘာတွေလဲ ပေးလို့မရဘူး။ စိတ်ပူတာပေ့ါ ဖေဖေက ဆေးတွေဘာတွေက လိုတယ်ခင်ဗျ။ လိုတယ်ဆိုတာက သူက အမြဲတမ်း ဆေးသောက်နေရ တယ်။ သူက လက်ဆွဲအိတ်ကလေး တခုဘဲ ယူသွားတော့၊ သူ နည်းနည်းပါးပါးလောက်ဘဲ ပါသွားမှာပေ့ါ၊ တခါတလေကျတော့လဲ ဆေးလိုရင် အရင်တုန်းကတော့ မှာတယ်။ အခုကတော့ ဘာမှကို အဆက်အသွယ်မရဘူး။ ဟိုအစားအသောက်လဲ ပေးမရဘူးဆိုတော့၊ ကျနော်တို့လဲ သိပ်တော့ စိတ်ပူနေကြတယ်။”

အင်းစိန်ထောင်မှာ မတရားဖမ်းဆီးခံနေရသည့် ဦးကျော်ဆန်း၏ ကျန်းမာရေးအတွက် စိုးရိမ်ရကြောင်း သားဖြစ်သူ ကိုကျော်သူနိုင် ပြော ပြခဲ့တာပါ။ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကမှ အင်းစိန်ထောင်မှ ပြန်လွတ်လာသည့် ဦးကျော်ဆန်းကို ပြန်လွတ်လာပြီး ၄ လအကြာမှာ ဒီကေဘီအေ ပစ္စည်း လက်ခံသည့်ဆိုသည့် အကြောင်းပြချက်နှင့် အပြစ်ရှာဖမ်းဆီးခဲ့သည့်ဟု သိရပါသည်။

အစသို့

## အင်းစိန်ထောင်က ကိုဇော်လင်းထွန်း ကျန်းမာရေးစိုးရိမ်ရ

*၇၊ ဧပြီ၊ ၂၀၀၅*

ရန်ကုန် အင်းစိန်ထောင်တွင် မတရား နှစ်ရှည်ထောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသား ကိုဇော်လင်းထွန်း၏ ကျန်းမာရေးစိုးရိမ်နေရ ကြောင်း သိရပါသည်။ ကိုဇော်လင်းထွန်းမှာ နှလုံးအားနည်းနေပြီး အစာအိမ်ရောဂါ ခံစားနေရသည်ဟု သိရပါသည်။

ပိုဆိုးသည်မှာ မိသားစုက ထောင်ဝင်စာ လာမတွေ့သည့်အတွက် စိတ်ကျရောဂါပါ ခံစားနေရသည်ဟု နိုင်ငံရေးအကျဉ်းသား မိသားစုဝင် များက ပြောပါသည်။ ကိုဇော်လင်းထွန်းမှာ ဒဂုံတက္ကသိုလ်ကျောင်းသားတဦးဖြစ်ပြီး ကိုနန္ဒစစ်အောင်၊ ကိုကျော်စိုးမိုး၊ ကိုလွင်ကိုလတ်၊ ကိုဝင်းကို၊ ကိုကျော်ကျော်၊ ကိုဟန်ဝင်းအောင် တို့နှင့်အတူ နအဖ ဆန့်ကျင်ရေး စာရွက်စာတမ်းဖြန့်ဝေမှုဖြင့် ၂၀၀၃ ခုနှစ်ထဲတွင် ဖမ်းဆီးခံခဲ့ရပါသည်။ ယမန် နှစ် ဖေဖေါ်ဝါရီလထဲမှာ ကိုဇော်လင်းထွန်းကို ထောင် အနှစ် ၂၀ ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင် ထောင် ၁၄ နှစ်ချခံ

*၈၊ ဧပြီ၊ ၂၀၀၅*

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို တောင်ကြီးခရိုင်တရားရုံး ယနေ့ ထောင် ၁၄ နှစ်ချလိုက် ကြောင်း သိရပါသည်။ နိုင်ငံရေးပုဒ်မ ၅ည နှင့် ၇ နှစ်၊ ပုံနှိပ်ဉပဒေ ပုဒ်မ ၁၇/၂၀ နှင့် ၇ နှစ် စုစုပေါင်း ၁၄ နှစ် ချလိုက်ခြင်းဖြစ်ပါသည်။

စာပေးခံရသည့် သင်တန်းသူကိုယ်တိုင်နှင့် တရားလိုပြသက်သေများက ဦးကျော်ခင်မှာ သင်တန်းတွင် နိုင်ငံရေးစည်းရုံးမှု လုံးဝမရှိပါဘူးဟု ထွက်ဆိုခဲ့သော်လည်း ခရိုင်တရားရုံးတရားသူကြီး ဒေါ်လှလှရည်က ယခုလို ထောင်ဒဏ် စီရင်ချက်ချလိုက်ခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို ဦးကျော်ခင်၏ ရှေ့နေလည်းဖြစ် တောင်ကြီးမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူးလည်းဖြစ်သူ ဒေါ်ခင်မိုးမိုးက ယခုလို ပြောပြပါသည်။

“အဲ သူတို့စွဲတဲ့ ပုဒ်မ ၂ ခုမှာပေ့ါနော်၊ ၅-ည နဲ့ပတ်သက်လို့ကတော့ သူက အမျိုးသားညီလာခံ ပျက်ပြားစေရန်အတွက်တဲ့နော်၊ ပြည်ပ အသံလွှင့်ဌာနများမှ လှုံ့ဆော်စည်းရုံးနေတဲ့ ကာလဖြစ်တယ်။ ဒီကာလမျိုးမှာ ဦးကျော်ခင်ကနေပြီးတော့မှ ဒီစာရွက် စာတမ်းတွေကို ကျောင်းသူ တွေကို ပေးခဲ့တယ်ဆိုပြီးတော့ အမိန့်ချသွားပါတယ်။ ပုံနှိပ်ဉပဒေနဲ့ ညိစွန်းမှုကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဘွဲ့တံဆိပ်စာရွက်ကတော့ အဖွဲ့ချုပ်က ထုတ်တာပါ။ နောက်တခုက ဘီဘီစီကွန်း ဆိုတာကတော့ မြန်မာနိုင်ငံရဲ့ ဟောစာတမ်းကိုတော့ ဦးကျော်ခင် လက်ဝယ်မှာ တွေ့ရှိတာ တော့ မဟုတ်ဘူး၊ ဦးကျော်ခင် ထိုင်တဲ့စာသင်ခုံရဲ့အောက် ကြမ်းပြင်ပေါ်က တွေ့တယ်ဆိုပြီးတော့ အမိန့်ချသွားတာပါ။ ဦးကျော်ခင် တရားခံအဖြစ် အနေနဲ့လည်း သူစစ်ပါတယ်။ အစစ်ခံပါတယ်။ သူ့အပိုင်းက ဘီဘီစီထုတ်တယ်ဆိုတဲ့ စာရွက်နဲ့ပတ်သက်လို့တော့ သူ တွေ့လဲ မတွေ့ဘူး။ သိလဲ မသိဘူး။ ကိုင်လဲ မကိုင်ဘူးဘူး ဆိုတာတွေကို ခုခံချေပသွားပါတယ်။”

ဦးကျော်ခင်ကို ပြစ်မှုထင်ရှားခြင်း မရှိဘဲ တရားလိုတွေရဲ့ ထွက်ချက်အရ မတရားထောင်ချလိုက်တာ ဖြစ်သည်ဟုလည်း ဒေါ်ခင်မိုးမိုးက ယခုလို သုံးသပ်ပြောပြပါသည်။

“သက်သေတွေ ၁၅ ယောက်ထဲမှာ လွှတ်လပ်တဲ့ သက်သေတွေပေ့ါ တောင်ကြီးတက္ကသိုလ်က ကကျောင်းသူ ကျောင်းသားတွေကတော့ ဦးကျော်ခင်ဟာ စည်းရုံးတာ လှုံ့ဆော်တာ မရှိပါဘူး။ သဘောရိုးနဲ့ဘဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဘွဲ့တံဆိပ်ရယ်၊ ဒီ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓါတ် ပုံရယ်ကို ပေးခဲ့တာ ရှိတယ်ဆိုပြီးတော့ ထွက်ဆိုသွားပါတယ်။ အဲဒီတော့ အခုထိ အမိန့်ချတာကတော့ဖြင့် ခရိုင်တရားသူကြီးက သူ သုံးသပ်ချက်၊ သူ့အမြင်ကို ဒါပေမဲ့ ဦးကျော်ခင် အနေနဲ့တော့

သူ့ရဲ့ပြုလုပ်သမျှဟာ သဘောရိုးနဲ့ဘဲ လုပ်တယ်ဆိုတာကတော့ အမှန်အကန်ပါဘဲ နောက် ဒီပုံနှိပ် ဥပဒေမှာဆိုရင်တော့ သဘောရိုးနဲ့ ပြုလုပ်လို့ရှိရင်တော့ ပြုလုပ်ခွင့်တွေလဲ ရှိပါတယ်။ ဒါပေမဲ့ တရားစွဲအဖွဲ့အစည်းရဲ့ တရားလိုတွေပေါ့နော်၊ တရား လိုရဲ့ ထွက်ချက်တွေ အရဘဲ ဦးကျော်ခင် အပြစ်ပေးခံရတာပါ။”

ဦးကျော်ခင်ကတော့ သူ့အနေနဲ့ ပြည်သူ့ကိုယ်စားလှယ်တဦးပီပီ ပြည်သူ့အကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တရားရုံးမှာ ထွက်ဆိုခဲ့သည်ဟုလည်း ဒေါ်ခင်မိုးမိုးက ပြောပြပါသည်။

“ဟို ဦးကျော်ခင်အနေနဲ့လဲပေါ့နော်၊ သူထွက်ချက်မှာလဲ သူပါပါတယ်။ သူကတဲ့ ဒီ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခံရတဲ့ ကိုယ်စား လှယ်ဖြစ်ပါတယ်တဲ့ ဒါကြောင့်မို့လို့ သူက ပြည်သူလူထုအတွက်၊ ပြည်သူကျေးကျွန် အဖြစ်နဲ့၊ သူဟာ အမြဲတမ်း ဆက်လက်ဆောင်ရွက်သွားမှာပါ တဲ့ ကျတဲ့ ရောက်တဲ့နေရာက နေပြီးတော့မှ သူရွေးချယ်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်တာဝန်ကို၊ ပြည်သူကျေးကျွန်အဖြစ် သူ တာဝန်ကျေ အောင် ဆောင်ရွက်ပါမယ်ဆိုပြီးတော့ သူထွက်ချက်မှာ သူကိုယ်တိုင် ထွက်သွားခဲ့ပါတယ်။”

ဦးကျော်ခင်ကို အာဏာပိုင်များက ယခုလို ထောင် ၁၄ နှစ်ချလိုက်သည့်အပေါ် ဇနီးသည် ဇနီးသည် ဒေါ်ခင်အုန်းမြင့် နှင့် သမီး ဒေါက်တာနှင်းအိဖြူ တို့ကလည်း စိတ်မကောင်းဖြစ်မိကြောင်း ယခုလို ပြောပြပါသည်။

ဒေါ်ခင်အုန်းမြင့်။ ။ ဟို ဘယ်လိုပြောရမှန်းတော့ မသိပါဘူး။ အိပ်မက်လိုဘဲ ဖြစ်သွားတာ၊ ဘာဖြစ်လို့လဲဆိုတော့လေ၊ လွှတ်လာပြီးတော့ ဟို ဒီ လပိုင်းအတွင်းဆိုတော့လေ၊ မထင်မှတ်တဲ့ ကိစ္စတွေ ဖြစ်သွားတဲ့အခါကျတော့ မျှော်လင့်မထားဘူးပေါ့နော် အဲဒီအခါကျတော့လေ အိမ်မက်လိုမျိုး ခံ စားလိုက်ရတယ်။”

ဒေါက်တာနှင်းအိဖြူ။ ။ သမီးတယောက်အနေနဲ့ကတော့ တော်တော်စိတ်ဓါတ် ကျသွားတာပေါ့နော်၊ ဘာဖြစ်လို့လဲဆိုတော့ ဟို အရင်တ ခေါက် ဖြစ်တုန်းကကျတော့လဲ ကိုယ်က အရွယ်မရောက်သေးဘူး။ အရွယ်မရောက်သေးဘဲနဲ့ တခါ ဘယ်လိုပဲဖြစ်ဖြစ် ၁၀ နှစ်ဆိုတော့ အင်း ဘဘ ပြန်လာလောက်တယ်ပေါ့။ ဒီလိုမျိုး ထားတာလေ၊ ဘဘ ပြန်လာတော့လဲ တအားဝမ်းသာတယ်။ ကိုယ် ပြုစုခွင့်ရသေးတယ်။ ဘာဖြစ်လို့လဲဆို တော့ သားသမီးတယောက်အနေနဲ့လည်း မိဘကို ပြုစုခွင့်ရဦးမှာဘဲပေါ့၊ ဒါပေမဲ့ ခုက ဘာမှကို မနေလိုက်ရသေးဘူးပေါ့၊ ဘာမှမနေရခင် ဒီတခါ ပြန်ဖြစ်သွားတယ်ပေါ့။ ဘဘ အသက်က အခုဆို ၇၀ ပြည့်တော့မယ်ပေါ့နော်၊ တကယ်တမ်းသာ ၁၄ နှစ်နေရမယ်ဆိုလို့ရှိရင် ပြန်ထွက်လာဘို့ကို မရှိတော့ဘူး။ အဲဒီလိုမျိုးဘဲ ယူဆရမှာပေါ့လေ။ အဲ့ဒီတော့ တော်တော်တော့ စိတ်မကောင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြုစုခွင့်မရတော့ ဘူး။ ဒီလိုဘဲ စိတ်ဓါတ်တော့ ကျသွားတယ်။ ဘဘတော့ မသိဘူး၊ သမီးတယောက်အနေနဲ့တော့ တော်တော်လေးစိတ်ဓါတ်ကျသွားတာပေါ့နော်။ ပြီးတဲ့အခါကျတော့ ဗုဒ္ဓဘာသာ ဗမာတွေအနေနဲ့ပေါ့လေ ဘဘလိုမျိုး အသက်အရွယ်ရောက်နေတဲ့ လူယောက်ကို မတရားလုပ်နိုင်တဲ့လူတွေ ရှိနေ တယ်ဆိုတာ ကိုလေ စိတ်မကောင်းဖြစ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်း လူတိုင်းက ကိုယ့်မှာ မိဘတွေဆိုတာ ရှိကြတာပဲ ကိုယ့်ရဲ့မိဘတွေ အကုန်လုံးက ကောင်းကောင်းမွန်မွန်နေစေချင်ကြတာ။ ပြုစုချင်ကြတဲ့ သူတွေချည်းဘဲ။”

တောင်ကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို နအဖ က ထောင် ၁၄ နှစ်ချလိုက်တဲ့ အပေါ် ဇနီးနဲ့သမီးတို့ရဲ့ ခံစားချက်တွေ ဖြစ်ပါ တယ်။

အစသို့

## ရွှေခမောက် ကိုရွှေမောင် တိုက်ပိတ်ခံထားရ

*၁၂၊မေ၊ ၂၀၀၅*

ရွှေခမောက်သွန်းလုပ်မှုဖြင့် မတရားဖမ်းဆီးထောင်ချခံနေရသည့် မန္တလေးမြို့မှ အဖွဲ့ချုပ်ဝင် ဦးရွှေမောင်ကို အာဏာပိုင်များက ထိပ်တုန်း ခတ်ပြီး တိုက်ပိတ်ထားကြောင်း သိရပါသည်။ မန္တလေးထောင်အတွင်းတွင် ပြီးခဲ့သည့်ရက်ပိုင်းက ထောင်ပဲဟင်း မကောင်းကြောင်း တင်ပြမှု၊ ထောင်ပုံစံထိုင်တာ ပုံစံမကျမှု စသည့်ကိစ္စများနှင့် ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားအချို့ အဓမ္မရိုက်နှက် နှိပ်စက်ခံခဲ့ရသည်ဟု သိရပါသည်။ သို့သော်လည်း ကိုရွှေမောင်မှာ မည်သည့်အတွက်ကြောင့် ထောင်အာဏာပိုင်များက ရိုက်နှက်ခဲ့သည်ဆိုတာကို အတိအကျ မသိရသော်လည်း ဦးခေါင်းကို အဝတ်နှင့်စွပ်ပြီး ဦးခေါင်းနှင့် မျက်နှာများကို အဓမ္မ ရိုက်နှက်ခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသား မိသားစုဝင် တဦးက ပြောပါသည်။

ကိုရွှေမောင်မှာ ပြီးခဲ့သည့် ဖေဖော်ဝါရီလ အစောပိုင်းကတည်းက ထောင်ဝင်စာတွေ့ခွင့် မရဘဲ တိုက်ပိတ်ခံနေရခြင်း ဖြစ်ပါသည်။ ယခုအခါ ကိုရွှေမောင်ကို ထောင်အာဏာပိုင်များက အရိုက်ခံရသည့် ဒဏ်ရာများနှင့်ပင် ထိပ်တုန်းခတ်ပြီး ဆက်လက်တိုက်ပိတ်ထားကြောင်း မန္တလေးမြို့မှ နိုင်ငံရေးအကျဉ်းသား မိသားစုဝင်တဦး၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## ဘူးသီးတောင် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို အင်းစိန်မှာ စစ်ဆေးနေ

*၁၂၊ ဧပြီ၊ ၂၀၀၅*

မတ်လ ၁၇ ရက်နေ့က ဖမ်းဆီးခံရသည့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို ယခုချိန်ထိ မိသားစုနှင့် တွေ့ခွင့်မပေးပဲ အင်းစိန်ထောင်ထဲမှာ တံခါးပိတ်စစ်ဆေးနေကြောင်း သိရပါသည်။

ဦးကျော်မင်းကို အာဏာပိုင်များက မည်သည့်အတွက်ကြောင့် ဖမ်းဆီးသွားပြီး ဘာကို စစ်ဆေးမေးမြန်းနေသည် ဆိုသည်ကို အတိအကျ မသိရသေးဟုလည်း မိသားစုနှင့် နီးစပ်သူတဦးက ပြောပါသည်။ ဦးကျော်မင်း၏ မိသားစုဝင်များက ထောင်ဝင်စာ အကြိမ်ကြိမ် သွားတွေ့ခဲ့သော် လည်း ယနေ့အထိ တွေ့ခွင့်မရသေးဟု ၎င်းက ပြောပါသည်။ ယခုလို လူချင်းလည်း တွေ့ခွင့်မရ နေ့စဉ်သုံးနေရသည့် ဆေးဝါးနှင့် အခြားလိုအပ် သည့်ပစ္စည်းများကိုလည်း ပေးခွင့်မရသည့်အတွက် သွေးတိုင်းရောဂါခံစားနေရသည့် ဦးကျော်မင်း၏ ကျန်းမာရေးအတွက် မိသားစုက အထူးစိုးရိမ် နေသည်ဟုလည်း သိရပါသည်။

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းကို မတ်လ ၁၇ ရက်နေ့ ညပိုင်းက မေးစရာရှိသည်၍ ခဏလိုက်ခဲ့ပါဟုပြောပြီး နယ်မြေခံအာဏာပိုင်များက နေအိမ်မှ ခေါ်သွားခဲ့ခြင်း ဖြစ်ပါသည်။ ထို့နောက် မိသားစုနှင့် လုံးဝတွေ့ခွင့်မပေးဘဲ အင်းစိန်ထောင်ထဲမှာပင် တံခါးပိတ်စစ်ဆေးနေ ခြင်းဖြစ်ကြောင်း မိသားစုနှင့် နီးစပ်သူများ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## အင်းတော်အမတ် ဦးစောလှိုင်ကို ရုံးထုတ်

*၁၃၊ ဧပြီ၊ ၂၀၀၅*

မတရားဖမ်းဆီးခံထားရသည့် စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် အဖွဲ့ချုပ်ပြည့်သူ့ကိုယ်စားလှယ် ဦးစောလှိုင်ကို ကသာခရိုင် တရားရုံးမှာ မနေ့က ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရပါသည်။

ကသာမြို့နယ် အဖွဲ့ချုပ်ဝင်များ ပြောပြချက်အရ ဦးစောလှိုင်ကို ပုံနှိပ်ထုတ်ဝေရေး ဥပဒေ ပုဒ်မ ၁၆၊ ၁၇/၂၀ တို့နှင့် တရားစွဲထားသည် ဟု သိရပါသည်။ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အဖွဲ့ချုပ်ပြည့်သူ့ကိုယ်စားလှယ် ဦးကျော်ခင်ကိုလည်း ပြီးခဲ့သည့်ရက်ပိုင်းက အရေးပေါ်စီမံချက် ဥပဒေ ပုဒ်မ ၅ည၊ ပုံနှိပ်ထုတ်ဝေရေးပုဒ်မ ၁၇/၂၀ နှင့် ထောင်ဒဏ် ၁၄ နှစ် ချမှတ်ခဲ့ခြင်းကြောင့် ဦးစောလှိုင်ကိုလည်း နှစ်ရှည်ထောင်ဒဏ် ချမှတ်မ လားဆိုပြီး စိုးရိမ်ပူပန်နေရကြောင်း ပြောပါသည်။

ဦးစောလှိုင်ကို ပြီးခဲ့သည့်လ ၃၀ ရက်နေ့က အင်းတော်မြို့ နေအိမ်မှာ ဖမ်းဆီးခဲ့ပြီး ကသာထောင်ကို ချက်ခြင်းပို့ခဲ့ခြင်း ဖြစ်ပါသည်။ ဦးစောလှိုင်မှာ တက္ကသိုလ်ကျောင်းသားဘဝ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းမှာ တကြိမ် ၁၉၉၀ စင်ပြိုင်အစိုးရထူထောင်ရန် ကျိုးစားမှုဖြင့် တကြိမ်၊ မေ ၃၀ ဒီပဲယင်း အကြမ်းဖက်လုပ်ကြံခံစဉ်က တကြိမ် ဖမ်းဆီးခံခဲ့ရခြင်းကြောင့် ယခုအကြိမ်မှာ ၅ ကြိမ်မြောက် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်ပါ သည်။

အစသို့

## ဦးကျော်ဆန်းအမှု ရုံးချိန်းရက် ထပ်မံရွှေ့ဆိုင်း

*၁၈၊ ဧပြီ၊ ၂၀၀၅*

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၏ အမှုကို ယနေ့ စစ်ဆေးခြင်းမပြုဘဲ လာမည့်သောကြာနေ့ကို ရုံးချိန်းရက် ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ ယနေ့ အင်းစိန်မြို့နယ် တရားရုံးမှာ ဦးကျော်ဆန်း၏သားကို တရားခံပြေးအဖြစ် စွပ်စွဲထားသည့် အမှုနှင့် ပတ်သက်ပြီး တရားလိုပြသက်သေ ရဲအုပ်သန်းထွန်းနှင့် အဖွဲ့ကိုဘဲ အကျဉ်းရုံးစစ်ဆေးခဲ့သည်ဟု ဆိုပါသည်။ ထိုအကြောင်းနှင့် ပတ်သက် ပြီး ဇနီးဖြစ်သူ ဒေါ်မေနွဲ့က ယခုလို ရှင်းပြပါသည်။

“သူတို့ သားငယ်ကို တရားခံပြေးပေ့ါ။ အဲ့ဒါကို နည်းနည်းမေးတယ်လေ။ သူတို့ဟာ သူတို့ ရုံးတရားလို ၂ ယောက်ပေ့ါ အဲ့ဒါ သူတို့ နည်းနည်းမေးတယ်။ မေးပြီးတော့ ရုံးချိန်းပေးလိုက်တာ အဲဒါ။ ရပါတယ်။ သူတို့မေးထားတဲ့ စာရွက် နည်းနည်းပါးပါး မေးတာပါ သိပ်ကြီးကြီးကျယ် ကျယ် စစ်တာတော့ မဟုတ်ပါဘူး။ သူတို့တင်ထားတဲ့ စာရွက်ကို နည်းနည်းမေးတာဘဲ၊ အဲဒါဘဲ ရှိပါတယ်။ ရဲ နှစ်ရစ်နဲ့တယောက်ရယ် နောက် အဲ့ဒီ ရဲနှစ်ပွင့်နဲ့ တယောက်ရယ်၊ အဲဒါဘဲ နည်းနည်းပါးပါးမေးတာရှိတယ်။ ”

ဦးကျော်ဆန်းမှာ စဖမ်းသည့်နေ့ကတည်းက အစာတော်ခံဆန္ဒပြနေပြီး တလပြည့်သည့် မနေ့ကမှ အစာ စစားသည့်အတွက် အားအင် ချိနဲ့ပြီး ကျန်းမာရေးချို့တဲ့နေသည်ကို မြင်တွေ့ခဲ့ရသည်ဟုလည်း ဒေါ်မေနွဲ့က ဆက်လက်ပြောပြပါသည်။

“သူက မနေ့ကမှ စစားမယ်ဆိုပြီး မနေ့က ဆန်ပြုတ်နည်းနည်းသောက်တယ်တဲ့။ ဒါပေမဲ့ သူ့ကိုကြည့်ရတာ သိပ် ကျန်းမာရေးက မကောင်းဘူး ပုံစံကလေ မဲကြုတ်ပြီးတော့ တခါထဲ လက်တွေက နည်းနည်းတော့ တုန်နေတယ်၊ ဒီနေ့တော့ အန်တီတို့က မနေ့က ထမင်းဆာရင် ဒီနေ့စားတော့ဆိုပြီးတော့ ကျွေးလိုက်တာပေ့ါနော်၊ ဒါပေမဲ့ သူက အသက်လဲ ကြီးပြီလေ၊ ရာသီဥတု ဒီလောက်ပူပြင်းတာ ထောင်ထဲမှာ ကျဉ်းကျဉ်း ကြပ်ကြပ်နေရတာဆိုတော့ ဘယ် တော်တော်နဲ့ အားပြည့်မှာ

မဟုတ်ဘူးလေ။ ပုံစံကတော့ ကြည့်ရတာ သူ ထမင်းလဲ ဟုတ်ဟုတ်ဟပ်ဟပ်လဲ မစားရဘူးလေ၊ မျက်စေ့ကလဲ ခွဲထားတာ ၃ ကြိမ်လောက်ခွဲထားတယ်၊ ထောင်ထဲက ထွက်လာတာလဲ ၄ လမှ မပြည့်သေးဘူး၊ တခါ ပြန်ဖမ်းခံရ တယ်ဆိုတော့ သူ့မှာ ဝဋ်တွေက မဆုံးနိုင်တော့ဘူးဆိုတာ ကျနေတာဘဲ၊ ဖြစ်များ ဖြစ်ရလေခြင်းဆိုတဲ့ သဘောမျိုးပေါ့နော်၊ အန်တီက ဘာဖြစ်လဲ ဆိုတော့ ယူကြုံးမရလဲ ဖြစ်တယ်လေ။ သူ ထောင်ကထွက်လာတဲ့ မကြာသေးတဲ့ လူတယောက် ဒီလိုပြန်ဖြစ်တယ်ဆိုတော့ အန်တီတို့ စိတ်မကောင်းဘူးပေါ့နော်။”

၂၀၀၄ ခုနှစ် နိုဝင်ဘာလကမှ အင်းစိန်ထောင်မှ ပြန်လွတ်လာသည့် ဦးကျော်ဆန်းကို ပြီးခဲ့သည့် မတ်လ ၁၇ ရက်နေ့တွင် အာဏာပိုင်များ က ပြန်လည်ဖမ်းဆီးခဲ့ပါသည်။ ထို့နောက် အင်းစိန်ထောင်မှာ ချုပ်နှောင်ထားပြီး ယခုအခါ ပြည်ပနှင့် ကုန်သွယ်မှုပုဒ်မ ၅–၁ နှင့် စွဲချက်တင်စစ်ဆေး ရန် ပြင်ဆင်နေခြင်းဖြစ်ပါသည်။

အစသို့

## ဦးကျော်ခင်ကို တခြားဝေးလံတဲ့ထောင်တွေဆီ ပြောင်းရွှေ့မှာ မိသားစု စိုးရိမ်

*၁၈၊ ဧပြီ၊ ၂၀၀၅*

ယခုလ ၈ ရက်နေ့က ထောင် ၁၄ နှစ်ချမှတ်ခံရပြီး ယခုလောလောဆယ် တောင်လေးလုံးထောင်မှာ ချုပ်နှောင်ထားသည့် တောင်ကြီးမြို့ နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို တခြားဝေးလံသည့် ထောင်များဆီ ပြောင်းရွှေ့မည်ကို မိသားစုက အထူးစိုးရိမ်နေကြသည်ဟု သိရ ပါသည်။

ယခုလ ၁၂ ရက်နေ့တွင် မိသားစုက ထောင်ဝင်စာသွားတွေ့သည့်အခါ အာဏာပိုင်များအနေဖြင့် အစီစဉ်ကျကျ ဖမ်းဆီးခဲ့ခြင်းဖြစ်သော ကြောင့် မည်သို့မျှ စိတ်မကောင်းမဖြစ်ကြရန် ဦးကျော်ခင်က အားပေးစကားပြောကြားလိုက်သည်ဟု ဆိုးပါသည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး သမီးဖြစ်သူ ဒေါက်တာနှင်းအိဖြူက ယခုလို ပြောပြပါသည်။

“သူကတော့လေ မိသားစုတွေကိုတော့ သူ ဝမ်းမနည်းနေနဲ့ပေါ့ စိတ်မကောင်းမဖြစ်နဲ့ပေါ့လေ၊ အဝေးတနေရာရာမှာ သူရောက်နေတယ် လို့ဘဲ သဘောထားပေါ့။ ထောင်ထဲမှာနေတယ်လို့ သဘောမထားနဲ့တဲ့။ မိသားစုက တအားကြီးစိတ်မကောင်းဖြစ်နေတယ်ဆိုတာ သူသိတယ်ပေါ့ နော်။ သူလဲ စိတ်မကောင်းဖြစ်နေတဲ့ ပုံပါဘဲ၊ စိတ်မကောင်းဘူးဆိုတာ မိသားစုအတွက် စိတ်မကောင်းဘူးပေါ့နော်။ ဒီဥစ္စာကတဲ့ တကယ်တော့ ဘာမှမဟုတ်တဲ့ အပြစ်ကလေးနဲ့ ၁၄ နှစ်ချတယ်။ အဲဒီလိုမျိုး ထင်စရာရှိတယ်တဲ့၊ ဒါပေမဲ့တဲ့ သူက ဒါ စီမံချက်နဲ့ လာတာတဲ့၊ အကုန်လုံးကို စီမံချက်နဲ့ လုပ်နေတာပေါ့။ ဒါကြောင့်မို့လို့ ဘာပြစ်မှုကြောင့်မို့လို့ ကျတာလို့ ပြောလို့မရဘူးတဲ့။ ဒါစီမံချက်နဲ့လုပ်တာမို့ ဘယ်နှစ်နှစ်ဖြစ်ဖြစ် သူတို့ သဘောပဲတဲ့။ အဲ့ဒီလိုမျိုး ပြောလာတယ်။ ပုဒ်မတွေ ဘာတွေနဲ့လဲ မဆိုင်ဘူး။ သူတို့က စီမံချက်နဲ့ လုပ်တာတဲ့။ အဲဒီလိုမျိုး သူက ပြောတယ်။ ”

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခင်ကို ထောင်ကပြန်လွှတ်ပြီး တလကျော်အကြာမှာ အာဏာပိုင်များက ပြန်လည်ဖမ်းဆီးပြီး ထောင် ၁၄ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## ဒေါ်မေဝင်းမြင့် ကျန်းမာရေးမှာဆိုးရွားနေပြီး ဆေးရုံထုတ်ပြရသောအခြေအနေတွင်ရှိနေ

*ဧပြီလ ၁၈ ရက်နေ့*

အင်းစိန်ထောင်တွင် မတရားဖမ်းဆီးထောင်ချခံနေရသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်၏ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာနေကြောင်းသိရှိရသည်။

ဒေါ်မေဝင်းမြင့်၏ လည်ပင်းကြီးပေါင်းတက်ရောဂါမှာ ယခုလ ၁၂ ရက်နေ့က ရန်ကုန်ဆေးရုံကြီးရှိ အကြောဌာနတွင် သွားရောက်ပြသခဲ့သည်ဟု ဒေါ်မေဝင်းမြင့်၏ ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်က ပြောကြားပြီး မျက်လုံးရောဂါကိုလည်း တစ်လတစ်ကြိမ် ဆေးရုံထုတ်ပြနေရပြီး နှလုံး နှင့်သွေးကြောကျဉ်းရောဂါများလည်း ခံစားနေရကြောင်း ဦးဝင်းမြင့်မှ ထပ်မံပြောကြားခဲ့သည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်ဖွဲ့စည်းရန်ကြိုးစားမှုဖြင့် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ပြီး လွှတ်ရက်စေ့နေသည့်တိုင်၊ ပြန်လွှတ်မပေးသေးဘဲ ပုဒ်မ ၁၀–က ဖြင့် ဆက်လက်ချုပ်နှောင်ထားဆဲဖြစ်သည်။

အစသို့

## ၂၀၀၃ ခုနှစ်က နှစ်ရှည်ထောင်ချခံနေရတဲ့ သီလရှင် ၂ ပါးရဲ့ အမှု နောက်ဆုံးအယူခံဝင်မည်

*၁၉၊ မေ၊ ၂၀၀၅*

မြို့တော်ခန်းမရှေ့ ဆန္ဒပြ၍ နှစ်ရှည်ထောင်ချခံထားရသည့် သီလရှင် ၂ ပါး၏ အယူခံလွှာကို မနက်ဖြန် ဗဟိုတရားရုံးချုပ်မှာ အဖွဲ့ချုပ် ရှေ့နေ ၂ ဦးက စုံညီလျှောက်လဲမည်ဟု သိရပါသည်။ ပဲခူးမြို့မှ သီလရှင် ဆရာလေး ၂ ပါးမှာ ၂၀၀၃ ခုနှစ် ဧပြီလအတွင်းက မြို့တော်ခန်းမရှေ့ သွားရောက်ပြီး ကုန်ဈေးနှုန်းကျဆင်းရန် နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်ပေးရန် ဆန္ဒပြတောင်းဆိုခဲ့သည့်အတွက် ထောင် ၇ နှစ် ချမှတ်ခံ ထားရခြင်းဖြစ်ပါသည်။

အမိန့်ချစဉ်က ရှေ့နေငှားရမ်းခွင့် မရခဲ့သည့်အပြင် အယူခံတင်မှုများကိုလဲ တိုင်းနှင်ခရိုင် တရားရုံးများက ပယ်ချခဲ့သည်ဟု သိရပါသည်။ ထို့ကြောင့် ၎င်းဆရာလေး ၂ ပါး၏ အမှုကို အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်း နှင့် ဒေါ်ခင်ဌေးကြွယ် တို့က အမြင့်ဆုံးတရားသူကြီး ၂ ဦး၏ရှေ့တွင် မနက်ဖြန်လျှောက်လဲရမည် ဖြစ်ပါသည်။ ထို့အပြင် မြို့တော်ခန်းမရှေ့မှာပင် လွန်ခဲ့သည့် ၃ လလောက်က ဆန္ဒပြ၍ နှစ်ရှည်ထောင်ချခံထားရသည့် လှည်းကူးမြို့နယ်က လယ်သမားကြီး ဦးခင်ဌွေနှင့် အဖွဲ့ချုပ်လူငယ် ကိုထွန်းလင်းကျော်တို့၏ အမှုကိုလဲ အနောက်ပိုင်းခရိုင် တရားရုံးမှာ မကြာခင် အယူခံဝင်မည်ဟု သိရပါသည်။ ထိုကိစ္စများနှင့် ပတ်သက်ပြီး အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်းက ယခုလို ပြောပြပါသည်။

“ကျနော်တို့ စုံညီတက်ထားတယ်လေ၊ အဲဒါကလဲဘဲ ၁၉ ရက်နေ့ကျမှ စုံညီလျှောက်လဲဘို့ ရှိပါတယ်၊ တရားရုံးချုပ်လေ၊ တရားရုံးချုပ်က ကျနော်တို့ ၂ ဦးထိုင်ပေ့ါ၊ အခု လောလောဆယ်တော့ မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြတဲ့ လယ်သမားကြီး ဦးခင်ဌွေ အမှုက အယူခံတက်ဖို့ ဆောင် ရွက်နေပါတယ်။ ဦးထွန်းလင်းကျော်က မြို့တော်ခန်းမရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်လွှတ်ရေးအတွက် ထောင် ၇ နှစ်ချထားပါတယ်။ ဟို လွှတ်ပေး ပါဆိုပြီး မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြတဲ့အတွက်ကြောင့် သူ့ကိုတော့ ၅ည အရ ထောင် ၇ နှစ်ချပါတယ်။ အဲဒါလဲ သူတို့ ၂ ဦးက ကျနော်တို့ ထောင်ထဲမှာ ရှေ့နေအနေနဲ့ မပါပါဘူး။ အခု အဲဒီအမှုအတွက်တော့ အယူခံတက်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီလအတွင်းလောက်တော့ တင်ဖြစ် မယ်လို့ မျှော်လင့်တယ်လေ၊ ခရိုင်တရားရုံးကို တင်ရမှာပါ။ ”

ဦးခင်ဌွေသည် နိုင်ငံရေးနှင့် စိမ်းသည့် အသက် ၆၀ ကျော် သာမာန်လယ်သမားကြီးတဦးဖြစ်ပြီး လယ်သမားတို့၏ အခက်အခဲများကို ရိုးသားစွာဖေါ်ထုတ် ဆန္ဒပြခဲ့တာကြောင့်ဟု သိရပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ယခုလို ဆက်လက်ပြောပြသွားပါသည်။

“သူကတော့ မြို့တော်ခန်းမရှေ့မှာ လယ်သမားတွေနဲ့ ပတ်သက်ပြီးတော့ ၂ ပေ ၁ ပေခွဲရှိတဲ့ white board ကြီးကို လည်ပင်းမှာဆွဲပြီးတော့ ဘာရေးထားသလဲဆိုတော့ လယ်သမားတွေ စပါးဈေးကျဆင်းနေတယ်၊ ဒါကြောင့်မို့လို့ လယ်သမားတွေက အင်မတန်မှ ဒုက္ခရောက်နေပါတယ်၊ ဒါ ကြောင့် ဒါတွေကို ဆောင်ရွက်ပေးပါဆိုပြီး သူက အဲဒီစာတမ်းလေးနဲ့ အဲဒီမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်တာကို ဆန္ဒပြတယ်ဆိုပြီးတော့ အခု ၅၀၅ (ခ) အရ ထောင် ၂ နှစ် ချလိုက်ပါတယ်။ လှည်းကူးနဲ့ တော်တော်လေးဝေးတဲ့ ရွာက လယ်သမားကြီးတဦးပါ၊ အသက် ၉၀ ကျော် မိခင်အိုကြီး ကို သူက လုပ်ကြွေးနေတဲ့ လယ်သမားကြီးတယောက် ဖြစ်ပါတယ်။ လယ်သမားတွေရဲ့ အကျိုးအတွက်ကို သူက အာဏာပိုင်အဖွဲ့အစည်းတေ ွသိ အောင်ဆိုပြီးတော့ သူ့ရဲ့ဆန္ဒကို ဖေါ်ထုတ်တဲ့သဘောပဲ ဖြစ်ပါတယ်။ ဒါကြောင့် သူက အများအတွက် ဆောင်ရွက်ရင်းနဲ့ ဖြစ်တယ်လို့ ကျနော်တို့ က ယူဆတယ်။ စနစ်တခုရဲ့ ဒဏ်ကို သူတို့က မခံနိုင်တော့ဘူး။ အဲဒီတော့ ဒီကြပ်တည်းကျဉ်းမြောင်းမှု့အပေါ်မှာ လွတ်လပ်မှုကို သူတို့ရဲ့ ဆန္ဒကို ဖေါ်ထုတ်တာဟာ ဒါကို လူ့အခွင့်အရေးတရပ်အနေနဲ့ ဖေါ်ထုတ်တာလို့ဘဲ ကျနော်တို့က ယူဆမိတယ်လေ။”

အစသို့

## အင်းစိန်ထောင်က ဦးအောင်စိုးမြင့် ထောင်ဆေးရုံမှာ သမားတော်ပြောင်းပြီး ကုသရ

*၂၁၊ မေ၊ ၂၀၀၅*

ရန်ကုန် အင်းစိန်ထောင်မှာ မတရားဖမ်းဆီး ထောင်ချခံထားရသည့် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်ကို တနင်္လာနေ့ က ဆေးရုံထုတ်ပြခဲ့သည်ဟု သိရပါသည်။ ဆီးချိုနှင့် သွေးတိုးရောဂါများ ခံစားနေရသည့် ဦးအောင်စိုးမြင့်ကို အင်းစိန်ဆေးရုံက သမားတော်ကြီး တ ဦးနှင့် တလ တကြိမ်ပြပြီး ဆေးကုသပေးနေခြင်း ဖြစ်ပါသည်။ ယခု တကြိမ်တွင် ယခင်ပြနေကျ သမားတော်ကြီးမဟုတ်ဘဲ အခြား သမားတော် တဦးနှင့် ပြခဲ့ရပြီး ဆေးဝါးအပြောင်းအလဲများလည်း ရှိကြောင်း တနင်္လာနေ့ကမှ ထောင်ဝင်စာတွေ့ပြန်လာသည့် သားဖြစ်သူ ကိုသီဟန်စိုးက ပြော ပါသည်။ သို့သော်လည်း သုံးစွဲရမည့်ဆေးဝါးများ အပြောင်းအလဲရှိသည်သာ သိခဲ့ရပြီး ဖခင်၏ကျန်းမာရေး တိုးတက် ဆုတ်ယုတ်မှုအခြေအနေကို တော့ မည်သို့မျှ မသိခဲ့ရဟု ကိုသီဟန်စိုးက ယခုလိုပြောပြပါသည်။

“အခုကတော့ ဆီးချိုနဲ့ သွေးတိုးပဲ ဆီးချို သွေးချိုပေ့ါနော်၊ အဲဒါနဲ့ သွေးတိုးနဲ့ အဲဒါကို အဓိက ပြရမှာ ဆီးချို သွေးချိုလည်း သိပ်တော့ မတက်ဘူး၊ ဒါပေမယ့် အမြင့်ပဲ ရှိတာပေ့ါနော် ဘာဖြစ်သလဲဆိုတာ သူတို့မပြောဘူးဗျ။ ဆရာဝန်တွေ သမားတော်တွေက

သူဟာသူ ဆေးရေးပေး တာပေ့ါ၊ ဘာဆေး ဘာဆေးသောက် ဝယ်ပေးလိုက်ဆိုပြီး အဲဒီအတိုင်းပဲ ကျနော်တို့က ဆေးပဲ ဝယ်ပေးရတာ။ လက်လေးတွေတော့ နည်းနည်း ယောင်တယ်၊ လက်ခုံလေးတွေပေ့ါ၊ နှစ်ဖက်လုံး ဘယ်ရော ညာရော၊ သမားတော်ကျတော့ သူ့ထောင်ဝန်ထမ်းတွေ ဆေးမှူးတွေ ဘာတွေနဲ့ ပါလာ တာကိုး၊ သူတို့က ဝင်ပြီးတော့ စကားဘာညာပြောတာ၊ သူတို့မေးကြည့်တော့လည်း သူတို့ကလည်း ဆေးတွေတော့ အသစ်ပြောင်းတယ်၊ ဒီတခေါက်က အဲဒါကိုက ဘာမှမသိရဘဲ ဒီ တချို့ဆေးတွေကတော့ နဂိုဆေးတွေပဲ အဲဒီထဲမှာ တချို့ သုံးလေးမျိုးလောက် ဆေးပြောင်းလိုက်တာပေ့ါ နော်၊ သမားတော်လည်း ပြောင်းသွားတယ်။ အင်းစိန်ဆေးရုံမှာ သမားတော်ဆိုတာ နှစ်ယောက်ရှိတယ်။ ပထမတယောက်တုန်းက တယောက်နဲ့ အခုဟာ နောက်တယောက်နဲ့ ပြနေရတယ်။”

အစသို့

## အင်းစိန်မြို့နယ် တရားရုံးမှာ ဦးကျော်ဆန်းကို ဒီနေ့ အမှုဆက်စစ်

*၂၂၊ ဧပြီ၊ ၂၀၀၉*

အင်းစိန်ထောင်မှာ မတရားဖမ်းဆီးထားသည့် အဖွဲ့ချုပ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းရဲ့ အမှုကို ယနေ့ အင်းစိန်မြို့နယ် တရားရုံးမှာ စတင်စစ်ဆေးခဲ့သည်ဟု သိရပါသည်။ ယနေ့ ပထမဆုံးအနေဖြင့် အမှုတိုင်ကြားခဲ့သည့် တရားလိုများထဲက ၂ ဦးကို စစ်ဆေးခဲ့ပြီး ဦးကျော်ဆန်း၏ ရှေ့နေကလည်း ယခုစွပ်စွဲချက်များမှာ ခိုင်လုံမှုမရှိကြောင်း ပြန်လည်ချေပခဲ့သည်ဟု ဆိုပါသည်။ ယနေ့ အမှုစစ်ဆေးခြင်းနှင့် ပတ် သက်ပြီး တရားရုံးမှာ ကိုယ်တိုင်သွားရောက်နာကြားခဲ့သူ ဦးကျော်ဆန်း၏ ဇနီး ဒေါ်မေနွဲ့က ယခုလို ပြောပြပါသည်။

“တရားလိုပေ့ါနော်။ တရားလိုလုပ်တဲ့ ရဲအုပ် ၂ ပွင့်နဲ့ ရဲအုပ်က သူ့ကို စစ်တယ်။ နောက်ပြီးတော့ သူ့လက်ထောက် ဒုရဲအုပ် တယောက်က သူ့ကို စစ်တယ်။ နှစ်ယောက်ပဲ စစ်ရတယ်။ စစ်တယ် ဆိုတာ သူတို့ရဲ့ စွဲဆို ချက်တွေပေ့ါ။ သူတို့ စွဲချက်တင်တဲ့ စွဲဆိုချက်တွေ သူတို့ ပြောတာပေ့ါ။ သူတို့ ပြောပြီးတော့ ဒီဘက်က တရားခံပေ့ါလေ။ အန်တီတို့ ဘက်က ရှေ့နေတွေက အမေးအဖြေ အမေးပြန်လုပ်တာပေ့ါ။ အဲဒီလိုမျိုးပဲ သူတို့စွပ်စွဲတာကို မခိုင်လုံတဲ့ အမေးတွေ တွေ့တဲ့နေရာကို မေးတာပဲ၊”

အစသို့

## အဖေဖြစ်သူကို အမှုဆင်ဖမ်းခြင်းသာဖြစ် – ဦးစောလှိုင် သမီး မေဖြူလှိုင် ဝေဖန်

*၂၂၊ ဧပြီလ၊ ၂၀၀၉*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အင်းတော်မြို့နယ် ပြည်သူ့ကိုယ်စားလှယ် ဦးစောလှိုင်ကို အာဏာပိုင်များက မတရားအမှုဆင် ဖမ်းဆီးခဲ့ ခြင်းဖြစ်ကြောင်း အင်းတော်အဖွဲ့ချုပ်ဝင်များက ဒီဗွီဘီကို ယနေ့ ပြောပါသည်။ လှိုင်စင်မဲ့ ကွန်ပျူတာအပျက်တွေကို အိမ်မှာ ထားရှိမှုဖြင့် အမှုဆင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ယခုထိ ယခုထိ ရှေ့နေငှားရမ်းခွင့်မပြုသေးဟု သိရပါသည်။ ကျန်းမာရေးမကောင်းသည့် ဦးစောလှိုင်ကို ယခုလို မတရားဖမ်းဆီး ထားသည့်အပေါ် မိသားစုဝင်များ အထူးစိုးရိမ်ပူပန်နေရပြီး မွန္တလေး ICRC ကြက်ခြေနီရုံးကို အကြောင်းကြားထားကြောင်းလဲ မိသားစုဝင်များနှင့် နီးစပ်သူများက ပြောပါသည်။

ဦးစောလှိုင်ကို မတရား အမှုဆင်ဖမ်းဆီးသည်ဆိုတာနှင့် ပတ်သက်၍ ပိုမိုအသေးစိတ်သိနိုင်ရန် သမီးဖြစ်သူ မမေဖြူလှိုင်ကို ဆက်သွယ် မေးမြန်းကြည့်ရာ ယခုလို စတင်ပြောပြသည်။

“အမှုဆင်ဖမ်းတယ်ဆိုတာ သူများတွေလည်း ဒီလိုပဲ လုပ်နေကြတာပေ့ါနော်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကွန်ပျူတာတွေနဲ့ ပတ်သက်ပြီး သူများတွေလည်း ဒီလိုပဲ လုပ်နေကြတာ၊ သူများတွေ လုပ်တာ ဘာမှမဖြစ်ဘူး၊ ဖေဖေ့ အလှည့်ကျမှ သူတို့က သက်သက်ဖမ်းချင်လို့ အမှုဆင်ဖမ်း တယ်ထင်တာပဲ သမီးကတော့။”

ဘာကြောင့် အမှုဆင်ဖမ်းတယ်ထင်ပါသလဲ ဆိုတဲ့ အမေးကိုတော့ မမေဖြူလှိုင်က ယခုလို ပြောပါသည်။

“ဘာကြောင့်ဖမ်းတယ်လို့ ထင်ပါသလဲဆိုတော့၊ သူက နိုင်ငံရေး သူများမတူပဲနဲ့ ထင်ရှားပေါ်လွင်နေတဲ့ နိုင်ငံရေးကို သူများထက် ပြင်းပြင်းထန်ထန် ခံယူချက်အပြည့်နဲ့ လုပ်နေတယ်ဆိုတော့ သူတို့က စိုးရိမ်လို့ ဖမ်းတယ်လို့ ထင်တာပဲရှင်။”

ဖခင်ဖြစ်သူ ယခုလို မတရားအမှုဆင် အဖမ်းခံထားရသည့်အပေါ် သမီးတယောက်အနေဖြင့် မည်သို့ခံစားရသည်ဆိုသည့် အမေးကို မမေဖြူလှိုင်က ယခုလို ပြောပြသွားပါသည်။

“ဝမ်းလည်းနည်းမိတာပေ့ါ၊ သမီးတယောက်အနေနဲ့ ဖေဖေကို တွေ့ချင်တဲ့ ဆန္ဒပြင်းထန်နေတဲ့ အချိန်မှာ အခုလိုမျိုး တမင်ချခံရတော့ သမီးအရမ်းဝမ်းနည်းရပါတယ်။ ဒီဟာ မတရားဘူးဆိုတာ သိနေတဲ့အခါကျ ဝမ်းနည်းနေလည်း အပိုပဲ၊ စိတ်ပျက်နေလဲ အပိုပဲ၊ သမီးကတော့ အမြဲတမ်းပဲ မှန်မှန်ကန်ကန်နဲ့ ဖေဖေအတွက် ပါရမီဖြည့်ဖက် တယောက်အနေနဲ့ပဲ ရပ်တည်ချင်တယ် ရှင်၊ တိုင်းပြည်လူမျိုးအတွက် လုပ်နေဆိုပြီး သမီးမလုပ်နိုင်ပေမယ့် သမီးအဖေလုပ်နေတယ်။ သမီးက အမြဲတမ်း

နောက်ကနေ ပါရမီဖြည့်ဖက်အနေနဲ့ နောက်ကနေ ကူညီပေးမှာပဲရှင်၊ တခြား ကတော့ ဒီကိစ္စဟာ သက်သက်ကိုမှ မတရား အလုပ်ကြံခံရတယ်ဆိုတာပဲ သမီးပြောချင်တယ်ရှင်။ အကွတ်ဆင်ဖမ်းတယ်ဆိုတဲ့ သဘောပဲ ပြောချင်တယ်ရှင်။ ”

အစသို့

## မြင်းခြံထောင်က နိုင်ငံရေးအကျဉ်းသား ကိုရဲကျော်စွာ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ

*၂၃၊ ဧပြီ၊ ၂၀၀၅*

မကွေးတိုင်း မြင်းခြံထောင်မှာ နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုရဲကျော်စွာ ကျန်းမာရေးအခြေအနေ ဆိုးရွား နေကြောင်း သိရပါသည်။

ပြီးခဲ့သည့်နှစ်ကစပြီး စိတ်ဝေဒနာခံစာနေရတာဖြစ်ပြီး ယခုဆိုလျှင် မိသားစုဝင်များကိုပင် မှတ်မိနိုင်စွမ်း မရှိတော့ဟု ပြီးခဲ့သည့်ရက်ပိုင်း အတွင်းကပင် ထောင်ဝင်စာတွေ့ ပြန်လာသည့် မိသားစုဝင်များက ပြောပါသည်။

ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP ကတော့ ကိုရဲကျော်စွာ အပါအဝင် နိုင်ငံရေးအကျဉ်း သားများ ယခုလို ကျန်းမာရေး တနေ့တခြား ဆိုးဝါးလာနေသည်မှာ အာဏာပိုင်များက ဆရာဝန်နှင့် စနစ်တကျ ဆေးဝါးကုသမှု မပေးခြင်းကြောင့် ဖြစ်သည်ဟု ယခုလို ပြောပါသည်။

“ကျနော်တို့ကတော့ ရဲကျော်စွာကို အခုလိုမျိုး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးချို့တဲ့ရတဲ့ အဓိက အကြောင်းက ထောင်အာဏာပိုင်တွေနဲ့ ဒီ လက်ရှိတိုင်းပြည်ကို တာဝန်ယူထားတဲ့ သူတွေက နိုင်ငံရေးအကျဉ်းသားတွေကို ကျန်းမာရေးအရ လုံလုံလောက်လောက် ပြည့်ပြည့်စုံစုံ ကုသမ ပေးဘူး။ နောက် အစာအဟာရပြည့်ဝတဲ့ အစားအသောက်တွေကို သေချာမပေးဘူး။ အဲဒီအတွက်ကြောင့် ဒီလိုမျိုး ကျန်းမာရေးအခြေအနေ ချို့တဲ့ရတာဖြစ်တယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ ရဲကျော်စွာကို ကျွမ်းကျင်တဲ့ ဆရာဝန်တွေနဲ့ အမြန်ဆုံးပြသပေးဖို့လိုတယ်။ အဲဒီလိုပဲ အပြည် ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့အနေနဲ့လည်း ရဲကျော်စွာရဲ့ ကျန်းမာရေးအခြေအနေကို အမြန်ဆုံးစစ်ဆေးပေးဖို့ လိုအပ်တဲ့ ဆေးဝါးကုသမှုတွေ ပြုလုပ် ပေးသင့်တယ်။ အခုအချိန်မှာ လုပ်နိုင်တာက ICRCဟာ နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအတွက် တာဝန်လည်းရှိတယ်။ တကယ် လည်း လုပ်ပေးသင့်တယ်။”

ဗကသများအဖွဲ့ချုပ် အဖွဲ့ဝင်ကျောင်းသားတဦးဖြစ်သည့် ရန်ကုန်မြို့မှ ကိုရဲကျော်စွာကို အာဏာပိုင်များက ၁၉၉၇ မှာ နိုင်ငံရေးပုဒ်မ ၅ ည ဖြင့်ဖမ်းဆီးပြီး နှစ်ရှည်ထိ ထောင်ဒဏ်ချမှတ်ထားခြင်းဖြစ်ကြောင်း သိရပါသည်။

အစသို့

## ဗိုလ်ချုပ်အောင်ဆန်းကျောက်တိုင်ကို အလေးပြုမှုနှင့် ဖမ်းဆီးခံရသူ ဦးအောင်ဖေရဲ့ အမှုစစ်ဆေး

*၂၃၊ ဧပြီ၊ ၂၀၀၅*

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကျောက်တိုင်ကို အလေးပြုမှုဖြင့် ဖမ်းဆီးခံနေရသည့် ရန်ကုန် တွံတေးမြို့က ကျူရှင်ဆရာ ဦးအောင်ဖေ၏ အမှုကို ပြီးခဲ့သည့် ကြာသပတေးနေ့က မြို့နယ်တရားရုံးမှာ စတင်စစ်ဆေးခဲ့သည်ဟု သိရပါသည်။ ကိုအောင်ဖေကို အာဏာပိုင် များက တရားမဝင်ကျူရှင်ပြမှု ပုဒ်မ ၇၃ ဖြင့် စွဲချက်တင်ထားခြင်း ဖြစ်သော်လည်း တရားလိုများကို စစ်ဆေးသည့်အခါမှာ ဘာမှ အတိအကျ မှန်ကန်ခြင်း မရှိဘူးဟု သိရပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ကိုအောင်ဖေ၏ ဇနီးသည် ဒေါ်ဌေးဌေးလွင်က ယခုလို ပြောပြခဲ့ပါသည်။

“သူတို့က ပုဒ်မ ၇၃ နဲ့ဆိုင်တဲ့ မေးခွန်းကို ကျမတို့ ရှေ့နေက မေးတာပေါ့နော်၊ ပညာရေးမှူးကို မေးတာပေါ့နော်၊ ဒီတွံတေးမြို့မှာတဲ့ လိုင်စင်တင်တဲ့ဆရာ ဘယ်နှစ်ယောက် ရှိသလဲလို့ မေးတဲ့အခါမှာ လိုက်မေးတာပေါ့နော်၊ ဖြေတဲ့အခါမှာ သူတို့ဘက်ကလဲ အဲဒါကို မသိဘူးပေါ့နော်၊ အဲဒီသင်တဲ့အထဲမှာပေါ့နော် ဆရာဘယ်နှစ်ယောက်နဲ့လည်းဆိုတာ သူတို့က သိသာလွန်းအားကြီးပါတယ်။ သူတို့ အဲဒီလိုလုပ်တာ ပုဒ်မ ၂၇ နဲ့ မဆိုင်တဲ့ မေးခွန်းတွေကိုပဲ သူတို့ဖြေသွားတယ်။ ပြည်ထောင်စုနေ့မှာ ဒေါ်စု အကျီပုံလှမ်းတာရယ် နောက်တော့ ဖေဖော်ဝါရီ ၂၃ ဗိုလ်ချုပ်မွေးနေ့မှာ ပေါ့နော် ဗိုလ်ချုပ်ပုံကို လွှမ်းပြီး ဆွေးပြီးပေါ့နော် ဗိုလ်ချုပ်သီချင်းဆိုတာတွေ သူတို့က အဲဒါတွေ ထည့်ပြီးဆိုပါတယ်။ မညီညွတ်မှုတွေ ဖြစ်တာကို သိတာပေါ့နော်၊ တခြားတွေဆိုရင် မတိကျဘူးပေါ့နော်၊ ဘာမှ ရေရေရာရာ မဖြေနိုင်ကြဘူး။”

ကျူရှင်ဆရာ ဦးအောင်ဖေကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့မှာ ကျောင်းသားများကို ဦးဆောင်ပြီး ဗိုလ်ချုပ်အောင် ဆန်းကျောက်တိုင်ကို အလေးပြုမှု၊ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းပြောပြမှု စသည့်ကိစ္စများနှင့် ပတ်သက်ပြီး နယ်မြေခံအာဏာပိုင်များက အမှု ဆင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အစသို့

## မတရားဖမ်းဆီးခံထားရတဲ့ ဦးစောလှိုင် ဇနီးသည် ဒေါ်ညွန့်ညွန့်တင် နဲ့ ဆက်သွယ်မေးမြန်းချက်

*၂၅၊ ဧပြီ၊ ၂၀၀၅*

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဦးစောလှိုင်ကို ကသာထောင်တွင် မိသားစုဝင်များနှင့် ယနေ့ အချုပ်ထောင်ဝင်စာ တွေ့ခွင့်ပြုသော်လည်း အမှုကိုလိုက်ပါဆောင်ရွက်ပေးသော အကျိုးတော်ဆောင် ရှေ့နေများနှင့် တွေ့ခွင့် မပေးသေးကြောင်းသိရသည်။
ဦးစောလှိုင်အား လိုင်စင်မဲ့ကွန်ပြူတာများ လက်ဝယ်ထားရှိမှုနှင့် မတ်လ ၃၀ ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယနေ့ ထောင်ဝင်စာ သွားတွေ့ခဲ့သော ဇနီးဖြစ်သူ ဒေါ်ညွန့်ညွန့်တင်၏ ပြောပြချက်အရ – ဦးစောလှိုင်သည် ၂၀၀၂ ခုနှစ်တွင် ကွန်ပြူတာသင်တန်းဖွင့်ခဲ့ပြီး ကွန်ပြူတာများ ပျက်သဖြင့် သင်တန်းပိတ်ခဲ့ရပြီး ထိုသို့ပိတ်ရခြင်း အကြောင်းကိုလည်း တရားဝင် အကြောင်းကြားခဲ့ကြောင်းနှင့် ယခု ၂၀၀၅ ခုနှစ်ရောက်မှ လိုင်စင်မဲ့ ကွန်ပြူတာများ လက်ဝယ်ထားရှိမှုနှင့် အမှုဆင်ဖမ်းဆီးခဲ့ခြင်း ဖြစ်ကြောင်းပြောကြားသည်။
ဦးစောလှိုင်၏ဇနီး ဒေါ်ညွန့်ညွန့်တင် နှင့် ဒီဗွီဘီမှ ကိုမိုးအေးတို့၏ ဆက်သွယ်မေးမြန်းချက်များမှာ–

ဒီဗွီဘီ။ ။ ဦးစောလှိုင်ကို မတရားဖမ်းဆီးခြင်းအပေါ် ဇနီးသည်တစ်ယောက်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။

ဒေါ်ညွန့်ညွန့်တင်။ ။ ကျမအနေနဲ့ဝမ်းနည်းပြီးစိတ်မကောင်းဖြစ်ရပါတယ်။

ဒီဗွီဘီ။ ။ ကျနော်တို့သိရသလောက် ဦးစောလှိုင် အခု အဖမ်းခံရတဲ့အချိန်မှာ ကျန်းမာရေးသိပ်မကောင်းဘူးလို့သိရပါတယ်၊ အဲဒါ သူ့ကျန်းမာရေးအခြေအနေကို ပြောပြပေးနိုင်မလားခင်ဗျာ။

ဒေါ်ညွန့်ညွန့်တင်။ ။ ဦးစောလှိုင်မှာ ခါးနာရောဂါ ရှိနေတဲ့အပြင် အဆစ်အမြစ်ကိုက်တာမျိုးဖြစ်နေတယ်။ အဓိက က အာရုံကြော အားနည်းပြီးခါးနာတဲ့သဘောမျိုးဖြစ်နေတယ်၊ ဒါပါပဲ။

ဒီဗွီဘီ။ ။ ကျနော်တို့သိရသလောက် ဦးစောလှိုင်ဟာ ထောင်ခဏခဏကျတယ်။

ဒေါ်ညွန့်ညွန့်တင်။ ။ ဟုတ်ပါတယ်၊ ထွက်လိုက် ဝင်လိုက်နဲ့ ၅ ခါတောင်ရှိနေပြီ။ သူ လူပျို တက္ကသိုလ်ကျောင်းသားဘဝတုန်းက တစ်ခေါက်၊ ၁၉၈၄ မှာ ကျမနဲ့ အိမ်ထောင်ကျတယ်။ အိမ်ထောင်ကျပြီးမှ ၁၉၉၀–၁၉၉၁မှာ တစ်ခေါက်အဖမ်းခံရတယ်၊ ၁၉၉၆–၁၉၉၇ မှာ တစ်ခေါက်အဖမ်းခံရပြီး ၂၀၀၃ မှာ တစ်ခါထပ်အဖမ်းခံရတယ်။ အခု ၂၀၀၅ မှာ နောက်ထပ်အဖမ်းခံရတယ်။

ဒီဗွီဘီ။ ။ အဲဒီလို ကိုယ့်ခင်ပွန်းသည် ခဏခဏအဖမ်းခံရတဲ့အပေါ်မှာ စိတ်ပျက်မိပါသလား။

ဒေါ်ညွန့်ညွန့်တင်။ ။ ကျမအမျိုးသား နိုင်ငံရေးလုပ်နေတယ်ဆိုတော့ ထောင်နုတ်ခမ်းမှာပဲ ထွက်ပြန် ဝင်ပြန်လို့ပဲ ကျမ သတ်မှတ်ထားပါတယ်။ သားသမီး နှစ်ယောက်ရှိတဲ့ထဲမှာ သမီးကြီးက ပထမနှစ် ဂုဏ်ထူးတန်းပြီးလို့ အခု ဒုတိယနှစ် ဂုဏ်ထူးတန်း တက်တော့မယ်၊ သားကတော့ ဒီနှစ်မှ ၁၀ တန်းဖြေထားတယ်။

ဒီဗွီဘီ။ ။ ဒါဆို ၁၉၉၀–၉၁ ဦးစောလှိုင် အဖမ်းခံရတုန်းက ကလေးတွေ ငယ်သေးမှာပေါ့ ။

ဒေါ်ညွန့်ညွန့်တင်။ ။ ဟုတ်ပါတယ်၊ သမီးလေးက ၄ နှစ်ကျော် ၅ နှစ်၊ သားလေးက ၇ လ လောက်ပဲရှိသေးတယ်။

ဒီဗွီဘီ။ ။ ဇနီးသည်တစ်ယောက်အနေနဲ့ ကလေးနှစ်ယောက်နဲ့ ဘယ်လိုရုန်းကန်ခဲ့ရပါသလဲ။

ဒေါ်ညွန့်ညွန့်တင်။ ။ အဲဒီတုန်းက ကျမက အင်းတော်ဆေးရုံမှာ သူနာပြုဆရာမပါ၊ ဒီလိုပဲ ရတဲ့လခလေးနဲ့စားပြီး ရုန်းကန်ခဲ့ရတယ်။ ကျမက ပါရမီဖြည့်ဖက်တစ်ယောက်ပါ၊ ခဏခဏ ထောင်ဝင်စာတွေ့ရလွန်းလို့ ထောင်ပေါင်းလည်း စုံလှပြီ။ အခုတော့ ကျမ ဘာအလုပ်မှ မရှိပါဘူး။

ဒီဗွီဘီ။ ။ စိတ်ဓါတ်ကျတာမျိုးဖြစ်မိသလားခင်ဗျ။

ဒေါ်ညွန့်ညွန့်တင်။ ။ အများအတွက် လုပ်တာမို့ စိတ်ဓါတ်မကျပါဘူး။

ဒီဗွီဘီ။ ။ အခု ဦးစောလှိုင်ရဲ့လုပ်ရပ်နဲ့ပတ်သက်ပြီး အဒေါ်တို့ မိသားစုအပေါ် အင်းတော်မြို့သူမြို့သားတွေ အနေနဲ့ စာနာနားလည်မှု ရှိကြပါသလား။

ဒေါ်ညွန့်ညွန့်တင်။ ။ ကျမယောကျ်ားက မကောင်းတာမလုပ်တဲ့အတွက် ပြည်သူလူထုက အမြဲ အားပေးပြီး မေတ္တာထားမှာပါလို့ နားလည်ပါတယ်၊ အဲဒီစိတ်ဓါတ်နဲ့ပဲ အမြဲ ကိုယ့်ကိုယ်ကို အားတင်းထားတော့ ပြည်သူလူထုကလည်း ကျမရောင်းတဲ့ ဈေးလေးကို အားပေးကြပါတယ်။

ဒီဗွီဘီ။ ။ အရင်ကတော့ ခဏခဏ ဝင်လိုက်ထွက်လိုက်ပေ့ါ၊ အခု ဒီတစ်ခါမှာ အဆိုးဆုံးအနေနဲ့ နှစ်အကြာကြီးကျမယ်လို့ မျှော်လင့်ထားပါသလား။

ဒေါ်ညွန့်ညွန့်တင်။ ။ ကြိုပြီးတော့ ဘယ်လောက်ကျမယ် မသိသေးပေမယ့် ရေဒီယိုနားထောင်တဲ့အတွက် အဆိုးဆုံးကိုတွက်ပြီး မျှော်လင့်ထားပါတယ်။ သူတို့လက်ထဲမှာ နေတဲ့အခါဖြစ် နေတော့ စိတ်မကောင်းတာကလွဲရင် ကျမ ဘာမှပြောစရာမရှိပါဘူး။

အစသို့

## မန္တလေးထောင်မှ နှစ်ရှည်အကျဉ်းသား ကိုတင်အေးကြူ ခေါ် ကဗျာဆရာ မောင်မှိုင်းလွင် ပြန်လွတ်

*ဧပြီလ ၂၆၊ ၂၀၀၅။*

၁၉၈၉ ခုနှစ်ကတည်းက မတရားဖမ်းဆီး ထောင်ချခံထားရသော နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ကိုတင်အေးကြူ ခေါ် ကဗျာဆရာ မောင်မှိုင်းလွင်သည် ယနေ့ နံနက်တွင် မန္တလေးထောင်မှ ပြန်လည်လွတ်မြောက်လာကြောင်းသိရသည်။ ကိုတင်အေးကြူ မှာ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု၏ အထွေထွေအတွင်းရေးမှူး တာဝန်ယူခဲ့သူတစ်ဦးဖြစ်ပြီး ၁၉၈၉ ခုနှစ်တွင် အဖမ်းခံရကာ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံခဲ့ရသည်။ ၁၉၉၂ ခုနှစ်တွင် လွတ်ငြိမ်းသက်သာ အမိန့်အရ ၁၀ နှစ်ဖြစ်ခဲ့ပြီး ပြစ်ဒဏ်စေ့သောအခါ ပြန်မလွှတ်ပေးသေးပဲ ပုဒ်မ ၁၀–က တပ်ပြီး ဆက်လက်ထိန်းသိမ်းထားကာ ယနေ့မှပြန်လွှတ်ပေးခြင်းဖြစ်သည်။ ကိုတင်အေးကြူမှာ ထောင်ထဲတွင် ၁၆ နှစ်နီးပါး နေခဲ့ရသူဖြစ်သည်။

မိသားစုဝင်များ၏ပြောပြချက်အရ ကိုတင်အေးကြူ၏ ကျန်းမာရေးအခြေအနေမှာ ဆိုးဆိုးရွားရွားမရှိသော်လည်း သေသေချာချာ စစ်ဆေးကုသမှုများပြုလုပ်ရန်လိုကြောင်းနှင့် ပြင်ပလောကနှင့် ၁၆ နှစ်တာ ကင်းကွာခဲ့ခြင်းကြောင့် မြန်မာ့နိုင်ငံရေး အခြေအနေကို အချိန်ယူ လေ့လာရမည့်အပြင် မိသားစုနှင့်လည်း အချိန်ပေးနေရန် လိုအပ်ကြောင်း ကိုတင်အေးကြူ၏ ညီတော်စပ်သူမှ ပြောသည်။ ကိုတင်အေးကြူ ပြန်လည်လွတ်မြောက်လာခြင်းအပေါ် မိသားစုခံစားချက်ကို အောက်ပါအတိုင်း ဖြေကြားသွားသည်။

'အကိုကြီး ဇူလိုင် ၁၂ ရက်နေ့ အဖမ်းခံစဉ်က ဇနီးဖြစ်သူ မမစန်း၏ ကိုယ်ဝန်နဲ့ အိမ်မှာကျန်ခဲ့တာဖြစ်ပါတယ်၊ ၁၉၈၉ မှာ သမီးလေးမွေးပါတယ်၊ သမီးလေးမွေးပြီး ၁၆ နှစ်တာ၊ သမီးလေး ၁၀ တန်းဖြေထားတဲ့အချိန်မှာ အပြင်ပြန်ရောက်လာတာပါ။ ဇနီး နဲ့ သမီး မှာ ၁၆ နှစ်တာလုံးလုံး မျှော်နေခဲ့သလို အခုလို ပြန်ဆုံတဲ့အခါ မိသားစု နဲ့အတူ ဝမ်းသာရပါတယ်၊ ၁၉၈၈ ဒီမိုကရေစီ ကာလတွေဆီက ပြည်သူများနဲ့ အလုပ်လုပ်လာသူတစ်ယောက် ၁၆ နှစ်တာနေခဲ့ပြီးမှ ခေါင်းဆောင်အနေနဲ့ လွတ်လာတာ ပြည်သူထဲက လူတစ်ယောက်အနေနဲ့ ဝမ်းသာပျော်ရွှင်ရပါတယ်၊ ညီအကိုလို ခင်မင်တဲ့လူတစ်ယောက်အနေနဲ့ မိသားစုကိုယ်စား ကြည်နူးမိပါတယ်။'

ဒီဗွီဘီ။ ။ ဒီဗွီဘီကို နားဆင်ကြတဲ့ မြန်မာနိုင်ငံသားအားလုံး ထောင်ထဲမှာ ၁၆ နှစ်ကြာ နေခဲ့ရတဲ့ ကိုတင်အေးကြူရဲ့ ဘဝ ဖြတ်သန်းမှုကို သိလိုကြမှာပါ။ ဒါကြောင့် ကိုတင်အေးကြူရဲ့ ဘဝဖြတ်သန်းမှုကို အကျဉ်းချုပ်ပြောပြပေးစေချင်ပါတယ်။

'ဇာတိ အင်းဝ တံတားဦးကနေပြီး စက်မှုတက္ကသိုလ်ကျောင်းသားအနေနဲ့ ကျောင်းတက်တယ်၊ ကျောင်းတက်စဉ်ကာလ ၁၉၇၅–၇၆ မှိုင်းရာပြည့်မှာ ကိုတင်အေးကြူ ကျောင်းသားဆိုး ဆိုပြီး အဖမ်းခံရတယ်။ အဲဒီအချိန် စက်မှုတက္ကသိုလ်က ကဗျာဆရာ

မောင်မိုင်းလွင် (အင်း၀) အမည်နဲ့ ကျောင်းသားခေါင်းဆောင်အနေနဲ့ရော၊ မြ၍ဤ ကျောင်းသားအနေနဲ့ရော၊ အခုနာမည်ကြီးနေတဲ့ ကိုဝင်းမင်းထွေးတို့နဲ့အတူ ကျောင်းသားသုံးယောက်ထဲမှာ အပါအဝင်ပေါ့။ ၁၉၈၀ ခုနှစ်မှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့လွတ်တယ်။ ထောင်ကထွက်ပြီး ကျောင်းဆက်တက်လို့မရတော့ ဆံ ဖြေပြီး ရှေ့နေလုပ်တယ်၊ ပြီးတော့ အဝေးသင် သမိုင်းဘာသာရပ် ဆက်တက်ရင်း ၁၉၈၈ မှာ ရှေ့နေသပိတ်ကော်မတီကနေပြီး မန္တလေးမှာ ဦးဆောင်ဖွဲ့တဲ့ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုပါတီမှာ အတွင်းရေးမှူး ဝင်လုပ်ရင်း ထောင်ကျသွားတယ်။ ’

ကိုတင်အေးကြူရဲ့ ညီ ပြောပြချက်အရ – မန္တလေးထောင်မှာ နှစ်ရှည်ထောင်ချခံထားသူ ကျောင်းသားခေါင်းဆောင် ကိုတင်အေးကို လွန်ခဲ့သော ရက်အနည်းငယ်က ရန်ကုန် (အင်းစိန်)ထောင်ကို ပြောင်းရွှေ့လိုက်ကြောင်းသိရသည်။ ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကိုလည်း ပြန်လွတ်ကာနီး သရက်ထောင်ကနေ အင်းစိန်ထောင်ကို ပြောင်းရွှေ့ခဲ့တာမို့ ကိုတင်အေးကိုလည်း ပြန်လွှတ်ပေးတော့မယ်လို့ယူဆကြောင်း ပြောပါတယ်။

ကျောင်းသားခေါင်းဆောင် ကိုတင်အေး ပြန်လွတ်တော့မယ်ဆိုတဲ့ သတင်းအပေါ် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက – ‘တစ်ကယ်လို့ လွတ်လာရင်တော့ ကျနော် အတိုင်းထက်အလွန် ဝမ်းသာတာပေါ့ဗျာ၊ ဘာပဲပြောပြော သူ့သက်ဆိုင်ရာ နိုင်ငံရေးယုံကြည်မှုတစ်ခုနဲ့ ထောင်ထဲမှာ နှစ်ရှည်လများ ဒီလောက်ပေးဆပ်ပြီးနောက်ပိုင်း ပြင်ပမိသားစုနဲ့ ပြန်တွေ့ဆုံပြီး လွတ်လွတ်လပ်လပ် ဘဝကိုပြန်ရမယ်၊ ကျနော် ကိုယ်တိုင်လည်း ဒီလို ဝမ်းသာမှုမျိုးခံစားခဲ့ရတာဆိုတော့ ဖြစ်နိုင်ရင် သူတင်မဟုတ်ပဲ ကျန်တဲ့သူတွေအားလုံး လွတ်မြောက်ရေးကို ကျနော်တို့လည်း တစ်ဖွဖွပြောနေတာပါ။’

အစသို့

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် ဦးကျော်မင်း အမှုနောက်ဆက်တွဲ

*ဧပြီလ ၂၇ ရက်၊ ၂၀၀၅။*

အင်းစိန်ထောင်တွင် ဖမ်းဆီးခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၏ အမှုအား အင်းစိန်မြို့နယ် တရားရုံးတွင် တရားလိုပြသက်သေ ရာအိမ်မှူး ဦးစန်းဝင်းအား ယနေ့ ဆက်လက်စစ်ဆေးခဲ့ကြောင်းသိရသည်။

ရာအိမ်မှူး ဦးစန်းဝင်းအား စစ်ဆေးရာတွင် ဦးကျော်ဆန်း၏ နေအိမ်မှ အကောက်ခွန်မဲ့ ပစ္စည်းများအဖြစ် သိမ်းဆည်းရမိသော ပစ္စည်းများမှာ ၅၂၉ တပ်မဟာ ၆–သုံးလုံးပိုင် ပစ္စည်းများဖြစ်ကြောင်း သက်သေအထောက်အထားနှင့်တကွ ထွက်ဆိုသွားပြီး ယခုလာမည့် တနင်္လာနေ့တွင် နောက်တိုးသက်သေအဖြစ် တင်ထားသော အကောက်ခွန်အရာရှိတစ်ဦးအား ဆက်လက်စစ်ဆေးမည် ဟု သိရသည်။ ဦးကျော်ဆန်းအား မတ်လ ၁၇ ရက်နေ့တွင် ဖမ်းဆီးပြီး ပြည်ပကုန်သွယ်မှု ပုဒ်မ ၅/၁ နှင့် ကုန်သွယ်မှုကို အားပေးကူညီမှု ပုဒ်မ ၅/၃ တို့ဖြင့် စွဲချက်တင် စစ်ဆေးနေခြင်းဖြစ်သည်။

ဦးကျော်ဆန်းနှင့် တစ်ရက်တည်း အဖမ်းခံရသော ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းအား ယခုထိ ရုံးတင်စစ်ဆေးခြင်းမရှိဘဲ ချုပ်နှောင်ထားကြောင်း သိရသည်။ ထူးခြားသည်မှာ ဦးကျော်မင်း၏ မိသားစုအား အာဏာပိုင်များမှ ခြေချုပ်သဘောနှင့် ကန့်သတ်ချုပ်ချယ်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။

လွန်ခဲ့သော ကြာသပတေးနေ့တွင် ဦးကျော်မင်း၏ဇနီး နှင့် သမီးအား တာမွေမြို့နယ် ရဝတရုံးမှ ဆင့်ခေါ်ပြီး လက်ရှိနေအိမ်မှ ပြောင်းရွှေ့ခြင်း မပြုလုပ်ရန်နှင့် ရန်ကုန်မြို့မှ အပြင်ထွက်ခွါခြင်း လုံးဝမပြုလုပ်ရန် ခံဝင်ချက်လက်မှတ် ရေးထိုးခိုင်းကြောင်း မိသားစုနှင့် နီးစပ်သူတစ်ဦးမှ ပြောကြားသည်။

ဦးကျော်မင်း၏ အသိမိတ်ဆွေနှစ်ဦးမှ မိသားစုအတွက် အာမခံ လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း နှင့် သားဖြစ်သူမှာလည်း ဖခင် အဖမ်းခံချိန်မှစ၍ ယခုထိ အာဏာပိုင်များ၏ ဖမ်းဆီးခြင်းကို စိုးရိမ်ကာ တိမ်းရှောင်နေရကြောင်း မိသားစုဝင်များ၏ ပြောပြချက်အရ သိရသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦး စစ်ခွေးတိုက်တွင် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိ

*ဧပြီလ ၂၇ ရက်၊ ၂၀၀၅။*

အင်းစိန်ထောင်တွင်း မတရားဖမ်းဆီးခံထားရသော နိုင်ငံရေးအကျဉ်းသား ကိုဇော်မင်းဦးအား ထောင်အာဏာပိုင်များက ရိုက်နှက်ခဲ့သောကြောင့် အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိကြောင်း ထောင်နှင့် နီးစပ်သော သတင်းများအရသိရသည်။

ကိုဇော်မင်းဦးမှာ ထောင်ပိုင်အား မခြေမင်ပြန်ပြောသည်ဟု စွပ်စွဲခံရကာ ယခင်အပတ်ကတည်းက ထောင်ပိုင်အမိန့်ဖြင့် ဝါဒါများက အခန်းပြင်ထုတ်ရိုက်နှက်ခြင်းကိုခံခဲ့ရပြီး (၃) တိုက် အခန်း (၁၂)မှ စစ်ခွေးတိုက်သို့ ပြောင်းရွှေ့ခဲ့သည်ဟု သိရသည်။ ယင်းကဲ့သို့ စစ်ခွေးတိုက်ပြောင်းရွှေ့ချိန်တွင် ကိုဇော်မင်းဦးမှာ သတိလစ်နေကြောင်း နီးစပ်သူများပြောကြားချက်အရသိရသည်။

အင်းစိန်ထောင် (၃)တိုက်တွင်းမှ နိုင်ငံရေးအကျဉ်းသားများလည်း ကိုဇော်မင်းဦး အခြေအနေနှင့် ပတ်သက်၍ အထူးစိုးရိမ်နေကြသည်။

ကိုဇော်မင်းဦးအား ၁၉၉၈ ခုနှစ်တွင် အရေးပေါ်စီမံချက် အက်ဥပဒေ ၅-ည နှင့် ဖမ်းဆီးကာ ထောင်ဒဏ် ၁၄ နှစ် ချမှတ်ထားခံရသူဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားမိသားစုဝင် အချို့၏ ပြောပြချက်အရသိရသည်။

အစသို့

## မန္တလေးထောင်တွင်း တိုက်ပိတ်ခံ နိုင်ငံရေးအကျဉ်းသား ငါးဦး မိသားစုနှင့် တွေ့ခွင့်ရ

*ဧပြီလ ၂၇ ရက်၊ ၂၀၀၅။*

ဧပြီလ လဆန်းပိုင်းတွင် ထောင်ပဲဟင်းညံ့ဖျင်းမှုအကြောင်း ထောင်ပိုင် ဦးဟန်စိန်ထံ တင်ပြမှု၊ ထောင်စည်းကမ်း မလိုက်နာမှု စသော ပြစ်မှုများနှင့် တိုက်ပိတ်ခံထားရသော နိုင်ငံရေးအကျဉ်းသား ၅ ဦးအား ယနေ့တွင် မိသားစုနှင့် ထောင်ဝင်စာ ပြန်လည် တွေ့ခွင့်ပြုလိုက်ပြီဟု ထပ်မံစုံစမ်းသိရှိရသည်။ ထို ၅ ဦး၏ အမည်မှာ-

ကိုမျိုးမင်းဇော်

ကိုမောင်မောင်မြတ်

ကိုကျော်ညွန့်

ကိုမိုးကျော်သူ နှင့်

ကိုအောင်နိုင်သူ တို့ဖြစ်သည်။

မိသားစုဝင်တို့၏ ပြောပြချက်အရ ၎င်းတို့အားလုံး၏ ကျန်းမာရေးမှာ ကောင်းမွန်ကြောင်း သိရသည်။

အစသို့

## ရွှေခမောက်သွန်းလုပ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုရွှေမောင် ထောင်ဝင်စာ ပိတ်ထားခံရဆဲ

*ဧပြီလ ၂၇ ရက်၊ ၂၀၀၅။*

မန္တလေးမြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုရွှေမောင်အား ဇန္နဝါရီလ ကတည်းက အာဏာပိုင်များမှ ထောင်ဝင်စာ ပိတ်ထားသည်မှာ ယခုအချိန်ထိ မိသားစုနှင့် တွေ့ခွင့်မပေးသေးဘဲ ထောင်ဝင်စာဆက်လက် ပိတ်ထားဆဲဟုသိရသည်။ ကိုရွှေမောင်သည် လွန်ခဲ့သည့် ဇန္နဝါရီလ အစောပိုင်းက ထောင်ပုံစံထိုင်သည်မှာ စနစ်မကျဟုဆိုပြီး ထောင်မှူး ဦးသောင်းမြင့်၏ ရိုက်နှက်ခြင်းခံရကာ တိုက်ပိတ်ပြီး၊ ထောင်ဝင်စာလည်းပိတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုလ အစောပိုင်းတွင်လည်း တိုက်ပိတ်ခြင်းခံထားရသော ကိုရွှေမောင်အား ထောင်မှူး ဦးသောင်းမြင့်မှ ထောင်တွင်းလူမိုက်များကို အသုံးချကာ ထပ်မံထိုးကြိတ် ရိုက်နှက်ခဲ့ပြီး ဆက်လက် ထိပ်တုံးခတ် တိုက်ပိတ်ထားကြောင်း ဇနီးသည် ဒေါ်သန်းသန်းဝင်းမှ ပြောသည်။ ဒေါ်သန်းသန်းဝင်း ဆက်လက်ရှင်းပြသည်မှာ-

'ကိုရွှေမောင်မှာ အပြစ်ရှိတယ်ဆိုရင် ကျေလောက်ပြီလို့ယူဆပါတယ်၊ အခုတော့ ကိုရွှေမောင်ကို ရက်ရက်စက်စက် ဒဏ်ခတ်ထားတယ်၊ ဒီလို လုပ်မထားဘူးဆိုရင် သူတို့ ကျမကိုတွေ့ခွင့်ပြုရမှာပေါ့။ မိသားစုနဲ့ ဒီလောက်ကြီးတွေ့ခွင့်မပြုတာတော့ ကျမအနေနဲ့ စိတ်မကောင်းဘူး၊ အကျဉ်းသားတစ်ယောက်ကို မိသားစုနဲ့ အဲဒီလောက် အဆက်အသွယ် မဖြတ်သင့်ဘူးလို့ ကျမယူဆတယ်။ ကျမကတော့ ကျမယောကျာ်းအတွက် စိုးရိမ်တယ်၊ သူ့ကျန်းမာရေးအတွက် စိတ်ပူတယ်၊ သူ့စားသောက်ရေး အတွက် ထောင်ဝင်စာပို့ပေးချင်တယ်၊ အာဏာပိုင်အဖွဲ့အစည်းကို ကျမယောကျာ်း အပြစ်ရှိရင် ဒီလောက် ထောင်ဝင်စာ ၄ လ ပိတ်ထားတာ ကျေနပ်ပါတော့လို့ပြောချင်တယ်၊ ထောင်ဝင်စာတွေ့ခွင့်ပြုပါတော့လို့ ကျမ အနူးအညွတ် တောင်းပန်ချင်ပါတယ်။'

ကိုရွှေမောင်ကို ရွှေခမောက်သွန်းလုပ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို သို့ ပို့ဆောင်ရန် ကြိုးပမ်းမှုနှင့် လွန်ခဲ့သော ၂၀၀၂ ခုနှစ်တွင် အာဏာပိုင်များက ဖမ်းဆီးပြီး ထောင် ၃ နှစ် ချထားခြင်းဖြစ်သည်။

အစသို့

## ကိုကိုးကျွန်းပြန် ဦးတင်အောင်နှင့် ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင် ကိုတင်အေးတို့ ပြန်လွတ်လာ

*ဧပြီလ ၂၈၊ ၂၀၀၅။*

နှစ်ရှည် နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ကိုကိုးကျွန်းပြန် ဦးတင်အောင် နှင့် ရှစ်လေးလုံးကျောင်းသားခေါင်းဆောင် ကိုတင်အေးတို့ ၂ ဦးအား အင်းစိန်ထောင်မှ ယနေ့ ပြန်လွှတ်ပေးလိုက်ပြီဟု သိရသည်။

၎င်းတို့ ၂ ဦးစလုံးအား စစ်အစိုးရမှ ၁၉၈၉ ခုနှစ်ကတည်းက ဖမ်းဆီးခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည်ဟု ဆိုကာ ထောင်ဒဏ်အနှစ် ၂၀ ချမှတ်ခဲ့သည်။ ၁၉၉၂ တွင် လွှတ်ငြိမ်းသက်သာအမိန့်ဖြင့် အနှစ် ၂၀ မှ ၁၀ နှစ် ဖြစ်ခဲ့သည်။ ပြစ်ဒဏ်ရက်စေ့သောအခါတွင် ပြန်လွှတ်မပေးသေးဘဲ ပုဒ်မ ၁၀–ကဖြင့် ဆက်လက် ထိန်းသိမ်းထားကာ ယနေ့တွင်ပြန်လွှတ်ပေးခြင်းဖြစ်သည်။

၎င်းတို့ ၂ ဦးလုံးအား လွန်ခဲ့သော အပတ်ကတည်းက မန္တလေးမှ အင်းစိန်ထောင်သို့ပြောင်းရွှေ့ခဲ့ပြီး ထောင်ထဲတွင် ၁၆ နှစ်နီးပါး နေခဲ့ကြသူများဖြစ်သည်။ မိသားစုဝင်များ၏ ပြောပြချက်အရ ကိုတင်အောင်၏ ကျန်းမာရေးအခြေအနေမှာ သိပ်မကောင်းဟု သိရသည်။

အစသို့

## ဦးတင်အောင်နှင့် ကိုတင်အေးတို့ပြန်လွှတ်မှုအပေါ် နိုင်ငံရေးအကျဉ်းသားဟောင်းတို့၏ ကြည်နူးမှုများ

*ဧပြီလ ၂၈ ရက်၊ ၂၀၀၅။*

နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ဦးတင်အောင်နှင့် ကိုတင်အေးတို့ ပြန်လွှတ်လာခြင်းအပေါ် အတူအဖမ်းခံခဲ့ရပြီး ထောင်ထဲတွင် အတူနေထိုင်ခဲ့ရသော နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါက်တာနေဝင်း မှ ယခုလိုပြောသည်။

'သူက ကျနော်တို့နဲ့ အမှုတတွဲထဲဆိုတော့ ဝမ်းသာတာပေါ့ဗျာ၊ သူက ၁၉၆၈ တုန်းက ကိုးကိုးကျွန်းပြန်ပေါ့၊ ကိုတင်အေးက ဗကသမှာ ပါတယ်။ သူ့ရဲ့နာမည်ရင်းက ကိုခင်မောင်ရီပါ၊ ထောင်ထဲနေစဉ်ကာလမှာ သူ့အဖေဆုံးသွားခဲ့ပြီး အခုလည်း သူ့အမေက ရင်သားကင်ဆာဖြစ်ပြီး ရန်ကုန်ဆေးရုံကြီးမှာ ဒီနေ့သေသွားသွင်းတယ်၊ ကျနော် ထောင်ကြီးချုပ်မှာ ရှိနေတုန်း သူရောဂါဖြစ်တော့ ကျနော်နဲ့ မတွေ့လိုက်ရဘူး၊ ကိုတင်အေးတို့ ဦးတင်အောင်တို့ အခုကျန်နိုင်သေးတာပေါ့။ ၁၉၈၉ မှာ လူကြီးတွေအဖြစ်ထောင်ကျလာတဲ့ ကိုသက်ခိုင်၊ ဦးအောင်ခင်၊ ကိုသန်းနိုင် အစရှိသဖြင့် အားလုံးပေါင်း ၇ နှစ်ကနေ ၁၆ နှစ်ထိ ကျခဲ့ကြတာ၊ သူတို့ကို ပြည့်ခါနီးဆိုတော့ ဦးစားပေး လွှတ်ပေးသင့်ပါတယ်၊ နောက်ပြီးတော့ သူတို့နဲ့အတူ ကျန်ခဲ့တဲ့ နှစ် ၂၀ ကျော်ကျတဲ့ တခြားလူတွေ၊ အဖွဲ့တွေရှိသေးတယ်။ အဲဒီလူတွေနဲ့ ကျန်တဲ့ နိုင်ငံရေးအကျဉ်းသား အကုန်လုံး အမြန်ဆုံးလွှတ်ပေးသင့်တာပေါ့ဗျာ။'

ရှစ်လေးလုံးမှာ အတူလုပ်ကိုင်ခဲ့တဲ့ ကိုတင်အေးပြန်လွှတ်လာခြင်းအပေါ် နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ရှစ်လေးလုံး ကျောင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ကိုမင်းကိုနိုင်၊ ကိုကိုကြီး နဲ့ ကိုပြုံးချို တို့က အခုလိုပြောပါတယ်။

'ကိုတင်အေး အပြင် အနည်းဆုံး ထောင်ထဲမှာကျန်နေတဲ့ ကျနော်တို့ ကျောင်းသားတွေအားလုံး၊ ဉပမာဆိုရင်– အထက်တန်းကျောင်းသားဘဝနဲ့ပဲ နှစ် ၆၀ ကျခံနေရတဲ့ ကိုသက်ဝင်းအောင် တို့၊ မျိုးဝင်းထိုက်၊ ကိုဋ္ဌေးအောင် တို့လိုကျောင်းသားတွေ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်လာဖို့ ကျနော်တို့အားလုံးတောင့်တနေပါတယ်။'

'အခု ကိုတင်အေး လွှတ်လာတယ်ဆိုတော့ ကျနော်တို့ ဝမ်းမြောက်ဝမ်းသာ လှိုက်လှိုက်လှဲလှဲကြိုဆိုရမယ်၊ ရှစ်လေးလုံး ကျောင်းသား လှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့တဲ့သူ ကျောင်းသားတွေနဲ့ ပတ်သက်ပြီး နက်နက်နဲနဲ ပိုခံစားရတယ်။ ဘာ့ကြောင့်လည်း ဆိုတော့ လူငယ်ဘဝတစ်ခုလုံး ပေးဆပ်ခဲ့ပြီးပြီ ။ ကျနော်တို့ နှစ်ကြီးကျနေစဉ်မှာ ခလေးတွေ ထပ်ထပ်ရောက်လာတာကြည့်ပြီး ကျနော့် စိတ်ထဲ တော်တော်မကောင်းဘူး၊ ဒီလိုမျိုး လူငယ်ဘဝကို ခုံရုံးကြားထဲမှာ ကုန်ဆုံးသွားခြင်းဟာ တိုင်းပြည်အတွက် တကယ့်ကို အလားအလာရှိတဲ့ စွမ်းအားရှိတဲ့ ခလေးတွေ အလဟဿမှာ သူတို့ရဲ့ နုပျိုမှုတွေကုန်ဆုံးသွားမှာကို ကျနော် အင်မတန် စိုးရိမ်တယ်။ ဒါ့ကြောင့် ကျန်တဲ့ကျောင်းသားတွေအားလုံး အမြန်ဆုံးလွှတ်မြောက်လာဖို့အတွက် ကျနော်တို့ ထပ်ခါတလဲလဲ မေတ္တာရပ်ခံပါတယ်၊ မျှော်လင့်ပါတယ်။ '

'အခု ကိုတင်အေးလွှတ်လာတယ်ဆိုတော့ ကျနော်တို့ အရမ်းဝမ်းသာတယ်၊ တကယ် စိတ်ထဲက ဆန္ဒရင်းနဲ့ ကျန်တဲ့ ကျောင်းသားတွေနဲ့ နိုင်ငံရေး အကျဉ်းသားတွေအားလုံး လွှတ်မြောက်စေချင်တယ်၊ သူတို့တွေနဲ့ ကျနော်တို့တွေ မတွေ့တာလည်း ကြာပြီ၊ အချိန်အားဖြင့် အများကြီးဝေးကွာနေတာ ပြန်ဆုံတွေ့ချင်ပြီ၊ တိုင်းပြည်တည်ဆောက်ရေး အကျိုးအတွက် သူတို့ဆီမှာရှိတဲ့ အကြံဉာဏ်ကောင်းတွေလည်း အများကြီးပါလာနိုင်တယ်၊ မျှော်လင့်ပါတယ်၊ အားလုံးကို ပြန်လွှတ်စေချင်တယ်။ '

အစသို့

## ဒေါက်တာသိန်းလွင်၏သား ကိုစည်သူအား လိုင်စင်မဲ့ ဆိုင်ကယ်စီးမှုနဲ့ မတရားထောင်ချ

*ဧပြီလ ၂၈ ရက်၊ ၂၀၀၅။*

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်၏သား မောင်စည်သူအား လိုင်စင်မဲ့ ဆိုင်ကယ်စီးမှုနှင့် ယခုလ ၂၆ ရက်နေ့က ထောင် ၄ လ ချမှတ်လိုက်ကြောင်းသိရသည်။ ယင်းကဲ့သို့ ထောင်ချခြင်းမှာ ယခု ပထမဆုံးအကြိမ်ဖြစ်ကြောင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့ကိုယ်စားလှယ် ဒေါက်တာသိန်းလွင်၏ သားဖြစ်သောကြောင့် ဤကဲ့သို့အရေးယူခြင်းဖြစ်နိုင်ကြောင်း မြို့ခံပြည်သူများမှ သုံးသပ်သည်။ ထိုသို့ သားဖြစ်သူကို ထောင်ကျခြင်း အပေါ် ဖခင်ဖြစ်သူ ဒေါက်တာသိန်းလွင်အားမေးမြန်းရာ အောက်ပါအတိုင်းဖြေကြားသွားသည်။

'ကျနော်တို့ ယုံကြည်ချက်၊ ခံယူချက်အရ ရိုးရိုးသားသား နိုင်ငံရေးလုပ်တာ၊ နိုင်ငံရေးပါတီ လုပ်ပိုင်ခွင့်ဘောင်ထဲက တရားဝင်လုပ်တဲ့အပေါ် အတတ်နိုင်ဆုံး ပြေလည်ချင်တဲ့ ဆန္ဒနဲ့ ထိန်းထိန်းသိမ်းသိမ်း လုပ်ပါတယ်၊ အဲဒါကိုမှ အန်အယ်လ်ဒီ မို့ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် အပြစ်ရှိတယ်လို့ သူတို့က မှန်းထားပုံရတယ်။ သူတို့အသိုင်းအဝိုင်း ဆွေမျိုးတွေကျတော့ ဘာအမှုဖြစ်ဖြစ် အရေးယူစရာမလိုတဲ့ ပုံသဏ္ဍာန် အနေအထားလေးတွေ့ရတယ်။ '

အစသို့

## ဦးခွန်ထွန်းဦးတို့အမှုအား ၃ ရက်ဆက်တိုက်စစ်ဆေး၊ မိသားစုနှင့် တွေ့ခွင့်မပေး

*ဧပြီလ ၂၉ ရက်၊ ၂၀၀၅။*

ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး နှင့် ရှမ်းခေါင်းဆောင်အမှုတွဲ ၁၀ ဦး၏အမှုကို ယခုလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ အင်းစိန်ထောင်တွင်း စစ်ဆေးခဲ့ကြောင်းသိရသည်။ ၎င်းမှာ ယခုလအတွင်း တတိယအကြိမ် စစ်ဆေးခြင်းဖြစ်ပြီး တရားသူကြီးများမှာ ဦးမြသိန်းနှင့်ဗိုလ်မှူးခင်မောင်ကြီးတို့ဖြစ်ပြီး ဆွဲချ အစိုးရရှေ့နေများမှာ ဦးချစ်ကိုကိုနှင့် ဦးကြီးမြင့်တို့ဖြစ်၍ အစိုးရသက်သေအဖြစ် ကျောင်းသားအမည်ခံ ကိုအေးလွင်နှင့် ကိုဇင်အောင်တို့ဖြစ်သည်။

ဦးခွန်ထွန်းဦးတို့အား နအဖ မှ ငှားပေးထားသော ရှေ့နေ ၂ ဦးမှာ ဦးအောင်ခိုင်နှင့် ဦးအောင်မြင့်တို့ဖြစ်ပြီး ၎င်းအမှုအား မြန်မြန်ပြီးပြတ်အောင် စစ်ဆေးနေပုံရကြောင်း မိသားစုသတင်းရပ်ကွက်မှ ဒီဗွီဘီအားပြောကြားသည်။

စွဲချက်တင်စစ်ဆေးနေသော ပုဒ်မများမှာ ပုဒ်မ ၁၂၂/၁ နိုင်ငံတော်ပုန်ကန်မှု၊ ပုဒ်မ ၁၂၄(က) နိုင်ငံတော် အကြည်ညို ပျက်စေမှု၊ ပုဒ်မ ၁၇/၁ မတရားသင်းဆက်သွယ်မှု၊ ပုဒ်မ ၁၇/၂၀ တရားမဝင်ပုံနှိပ်ထုတ်ဝေမှု၊ ပုဒ်မ ၂၄(က) တရားမဝင်နိုင်ငံခြားငွေ လဲလှယ်မှု တို့ဖြစ်ကြောင်း ထိုသတင်းရပ်ကွက်မှ ပြောသည်။ ယင်းအမှုကို ၁၀ ဦး စလုံးအား အတူတူစွဲထားခြင်း၊ တစ်ဦးချင်းကွဲပြားခြင်း ရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးပါ။

ဦးခွန်ထွန်းဦးနှင့်အတူ ဖမ်းဆီးခံနေရသူ ၁၀ ဦးမှာ– အတွင်းရေးမှူး စိုင်းညွန့်လွင်၊ အဖွဲ့ဝင် စိုင်းလှအောင် နှင့် စဝ်သာဦး၊ ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးဘသင်၊ ဦးထွန်းညို၊ စိုင်းမျိုးဝင်းထွန်း နှင့် စိုင်းနေမိုးတို့ဖြစ်သည်။ ၎င်းတို့မှာ လွန်ခဲ့သော ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စတင်ဖမ်းဆီးပြီး ယခုထိ မိသားစုနှင့်တွေ့ခွင့်မပေးဘဲ အင်းစိန်ထောင်တွင်း လျှို့ဝှက်စစ်ဆေးနေခြင်းဖြစ်သည်။ သွေးတိုးနှင့်ဆီးချိုရောဂါအခံရှိသော ဦးခွန်ထွန်းဦးမှာ ကျွမ်းကျင်သောပြင်ပ ဆရာဝန်နှင့် စစ်ဆေးခံရန်လိုသော်လည်း အာဏာပိုင်များမှ ခွင့်မပြုသောကြောင့် ကျန်းမာရေးအတွက် စိုးရိမ်ကြောင်း မိသားစု အသိုင်းအဝိုင်းမှ ပြောကြားသည်။

အစသို့

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုမျိုးခင်အား ထောင်ဝင်စာပိတ်ထားဆဲ

*ဧပြီလ ၂၉ ရက်နေ့၊ ၂၀၀၅။*

အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချခံထားရသော ရန်ကင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင် ကိုမျိုးခင်အား မိသားစုဝင်များနှင့် ထောင်ဝင်စာတွေ့ခွင့်ပိတ်ထားကြောင်းသိရသည်။ ထိုသို့ ထောင်ဝင်စာပိတ်ထားခြင်းအပေါ် ဇနီးဖြစ်သူ မခင်ခင်ဝင်း အား ဒီဗွီဘီမှ ကိုမိုးအေးက မေးမြန်းရာ အောက်ပါအတိုင်း ဖြေကြားသွားသည်။

**မခင်ခင်ဝင်း။** ။ ကျမသွားတွေ့တော့ သူတို့ကို စောင့်နေရတာ တာမွေမြို့နယ်က ဦးအောင်နိုင်ဆိုတဲ့ လူကိုလာတွေ့တဲ့ သူ့သမီးနဲ့ နှစ်ယောက်ထဲ ကျန်တဲ့အထိစောင့်နေရပြီး ပစ္စည်းတွေအကုန်စစ်ပြီးမှ ဦးအောင်နိုင်သမီးကိုလာခေါ်သွားပြီး ကျမကို ထောင်ဝင်စာပိတ်ထားကြောင်း၊ တွေ့ခွင့်မရှိကြောင်းပြောပါတယ်။

**ဒီဗွီဘီ။** ။ ဘာ့ကြောင့် ထောင်ဝင်စာတွေ့ခွင့်မရှိသလဲလို့ သွားမမေးဘူးလား။

**မခင်ခင်ဝင်း။** ။ ကျမက ဘာ့ကြောင့်ထောင်ဝင်စာတွေ့ခွင့်မရှိရသလဲလို့ မေးတဲ့အခါ သွားမေးကြည့်ပါ့မယ်ဆိုပြီး တစ်ခေါက် ပြန်ဝင်သွားပါတယ်၊ ပြီးမှ အပေါက်မှာစောင့်နေတဲ့ ရဲက 'ပြောခွင့်မရှိပါဘူး၊ ထောင်ပိုင်က ထောင်ဝင်စာပိတ်လိုက်တာပါ၊ ပါဆယ်လည်း ပို့လို့မရဘူး' လို့ ခေါ်ပြောပါတယ်။

**ဒီဗွီဘီ။** ။ ထောင်ဝင်စာ ဘယ်လောက်ပိတ်တယ် ဆိုတာမျိုး အသိပေးသေးလား။

**မခင်ခင်ဝင်း။** ။ အဲဒါတော့ မပြောဘူးရှင့်၊ တွေ့ခွင့်ရရင် သူတို့အကြောင်းကြားမယ်လို့ပဲပြောပါတယ်။

**ဒီဗွီဘီ။** ။ ကိုမျိုးခင်တစ်ယောက်ပဲ လောလောဆယ် ပိတ်ခံရတဲ့ပုံစံမျိုးရှိတာပေါ့ ။

**မခင်ခင်ဝင်း။** ။ ဟုတ်ပါတယ်။

**ဒီဗွီဘီ။** ။ သူထောင်ဝင်စာပိတ်တာနဲ့ပတ်သက်ပြီး ဘယ်လိုစိုးရိမ်ဖွယ်ရှိပါသလဲ။

**မခင်ခင်ဝင်း။** ။ သူ့ရဲ့ကျန်းမာရေးကိုတော့ စိုးရိမ်တယ်။ ထောင်ဝင်စာ ဘာ့ကြောင့်ပိတ်မှန်း မသိရတော့ ကိုမျိုးခင်မှာ အစာအိမ်ရောဂါရှိတဲ့အခါကျတော့ တော်တော်စိတ်ညစ်ရတယ်။ အဆောင်ပြောင်းသွားတဲ့ အခါမှာလည်း အများနဲ့နေရတာ အဆင်ပြေပါ့မလား၊ ပြဿနာတက်သလား စသဖြင့် စိတ်ပူရတာပေါ့ ။

ထောင်ဝင်စာပိတ်ခံထားရတဲ့ နိုင်ငံရေးအကျဉ်းသား ကိုမျိုးခင်ရဲ့ဇနီး မခင်ခင်ဝင်း ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ ကိုမျိုးခင်မှာ ဒီပဲယင်းအပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးများ ပိတ်သောကိစ္စနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲကော်မတီသို့ ကန့်ကွက်စာပေးပို့မှုနှင့် ၂၀၀၃ ခုနှစ် ဇွန်လတွင်း ဖမ်းဆီးခံရပြီး ထောင် ၃ နှစ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

အစသို့

## နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ဦးအောင်ခင် နှင့် ကိုကိုနိုင် ထပ်မံလွတ်မြောက်

*ဧပြီလ ၂၉ ရက်၊ ၂၀၀၅။*

နှစ်ရှည်နိုင်ငံရေးအကျဉ်းသား ဦးအောင်ခင် နှင့် ကိုကိုနိုင်တို့ ၂ ဦး ယမန်နေ့ နေ့လည်ပိုင်းက အင်းစိန်ထောင်မှ ပြန်လည်လွတ်မြောက်လာကြောင်းသိရသည်။ ဦးအောင်ခင်အား ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရှိသည်ဟုဆိုကာ ၁၉၈၉ ခုနှစ်က ဖမ်းဆီးပြီး ထောင်ဒဏ် နှစ် ၂၀ ချမှတ်ခဲ့ခြင်းဖြစ်သည်။

၁၉၉၃ ခုနှစ်တွင် လွတ်ငြိမ်းသက်သာအမိန့်အရ ၁၀ နှစ်ဖြစ်ခဲ့ပြီး ပြစ်ဒဏ်စေ့သောအခါ ပြန်မလွတ်ပေးသေးဘဲ ပုဒ်မ ၁၀(က) နှင့် ဆက်လက်ထိန်းသိမ်းကာ ယမန်နေ့မှသာ ပြန်လွှတ်ပေးခြင်းဖြစ်သည်။

ဦးအောင်ခင်မှာ ယမန်နေ့တွင် ပြန်လည်လွတ်လာသော ဦးတင်အောင်၊ ကိုတင်အေးတို့နှင့်အတူ ထောင်တွင်း၌ ၁၆ နှစ်နီးပါး နေခဲ့ရသူဖြစ်သည်။ ပြန်လည်လွတ်လာသော ကိုကိုနိုင်သည်လည်း တောတွင်းလက်နက်ကိုင်အဖွဲ့နှင့် ပတ်သက်သည်ဟူသော စွဲချက်ဖြင့် ၁၉၈၉ ခုနှစ် ကတည်းက ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံထားရသူတစ်ဦးဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသား မိသားစုများ ပြောကြားချက်အရ သိရသည်။

အစသို့